# ကမ္ဘာလုံးဆိုင်ရာစီမံခန့်ခွဲမှုမူဘောင်<br>ကာကွယ်ခြင်းနှင့် တုံ့ပြန်ခြင်းအတွက်<br>ဖောက်ဖျက်ကျူးလွန်မှုများကို ကာကွယ်စောင့်ရှောက်ခြင်း<br>အိုင်အာစီ အမှုသည်များမှ ကြုံတွေ့ရသော

## ရည်ရွယ်ချက်

အိုင်အာစီသည် ကာကွယ်စောင့်ရှောက်ခြင်းအား ရုံးအဖွဲ့ဝင်များနှင့် အမှုသည်များ၏ ကာကွယ်မှု၊ လုံခြုံမှုနှင့် ဂုဏ်သိက္ခာအဖြစ် အဓိပ္ပာယ်ဖွင့်ဆိုသည်။ အမှုသည်များဆိုရာတွင် အိုင်အာစီ၏ အမှုသည်များဖြစ်သည့် သို့မဟုတ် ဖြစ်နိုင်သည့် လူကြီး သို့မဟုတ် လူငယ်များအား အိုင်အာစီ ရုံးအဖွဲ့ဝင်များ၊ ကန်ထရိုက်တာများ၊ ပါတနာများ၊ လက်အောက်ခံဂရန်ပေးသူများ၊ ရောင်းချသူများနှင့် အခြားအသင်းဝင်များက ခေါင်းပုံဖြတ်ခြင်း၊ စော်ကားခြင်းတို့အပါအဝင် ရုပ်ပိုင်းဆိုင်ရာ၊ နှုတ်ပိုင်းဆိုင်ရာ၊ ခံစားမှုပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ စီးပွားရေးဆိုင်ရာနှင့် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်းနှင့် စော်ကားခြင်းများလည်းပါဝင်သည်။ ဤစီမံခန့်ခွဲမှုမူဘောင်သည် အိုင်အာစီ၏ အမှုသည်များ ဖြစ်သည့် သို့မဟုတ် ဖြစ်နိုင်သည့် လူကြီး၊ ကလေးအားလုံးနှင့် သက်ဆိုင်သည်။

ဤစီမံခန့်ခွဲမှုမူဘောင်ကို အိုင်အာစီရုံးများမှ ဖောက်ဖျက်ကျူးလွန်မှုများအား ကာကွယ်ရေးအတွက် ချက်ချင်းနှင့်သင့်လျော်သော အရေးယူဆောင်ရွက်နိုင်ရန်အတွက် ရေးဆွဲထားခြင်းဖြစ်သည်။ အခင်းမဖြစ်ပွားခင် လက်တွေ့ကျပြီး ကန့်သတ်ထားသည့် လမ်းနည်းများ အစဉ်သင့်ဖြစ်နေစေရန် ဒေသန္တရရုံးများ (အာအေအိုင်နှင့် စီအာအာဒီရုံး) ကို ထောက်ပံ့ပေးထားထားသကဲ့သို့ ထိုသို့အခင်းဖြစ်ပွားမှုများကို ကာကွယ်ရန်အတွက်လည်း အထောက်အပံ့ပေးထားပါသည်။

အိုင်အာစီရုံးများအားလုံးသည် အဖွဲ့ဝင်များမှ နားလည်သည့် ဘာသာစကားဖြင့် ၎င်းတို့ ဆောင်ရွက်နေသည့်ပတ်ဝန်းကျင်အတွက် အသုံးတည့်သော စံထားရသည့် ဆောင်ရွက်မှုလုပ်ထုံးတစ်ခုကို ရေးဆွဲရန်အတွက် ဤစီမံခန့်ခွဲမှုမူဘောင်ကို အသုံးပြုသင့်သည်။[1] ဤစာတမ်းသည် ကျူးလွန်ခံရသူကို ဗဟိုပြုပြီး အိုင်အာစီ၏ အဓိက တန်ဖိုးများ၊ ပေါ်လစီများနှင့် ကိုက်ညီသည့် နည်းလမ်းများဖြင့် ချိုးဖောက်ကျူးလွန်မှုများကို ကာကွယ်ရာတွင် ကာကွယ်တုံ့ပြန်ခြင်းအတွက် အနိမ့်ဆုံးစံနှုန်းများကို ဖော်ပြထားပါသည်။ ဤစာတမ်းကို အကောင်အထည်ဖော်ခြင်းသည် ဒေသန္တရ ဥပဒေများနှင့် ဒေသတွင်း ရရှိနိုင်သည့် အထောက်အကူပေးဝန်ဆောင်မှုများအပေါ် မူတည်၍ တကယ့်လက်တွေ့တွင် ကွဲပြားခြားနားနေနိုင်ပါသည်။

> ဤစာတမ်းသည် အာအေအိုင်နှင့် စီအာအာဒီနှင့် တူညီစွာ သက်ဆိုင်သည်။ အာအေအိုင်ဆောင်ရွက်နေသည့် ပတ်ဝန်းကျင်များသည် ဒီထက်ပို၍ ခေတ်မီသော ဒေသဆိုင်ရာ ယန္တရားများကို အမှီအခိုပြုနိုင်သော်လည်း ထိုရုံးများသည် ဖြစ်စဥ်များနှင့် ကျင့်ဝတ်များကို အစီရင်ခံခြင်း၊ တုံ့ပြန်ခြင်းများသည် သိသာထင်ရှားပြီး ခိုင်မာသောကာကွယ်အရေးယူမှုသည် အစဉ်သင့်ရှိနေရန် ပြုလုပ်ထားရမည်။

ဤစီမံခန့်ခွဲမှုမူဘောင်စာအုပ်သည် အိုင်အာစီဝန်ထမ်းမှ အလွဲသုံးစားခြင်း၊ စော်ကားခြင်းခံရသည့် လူကြီး၊ ကလေးအားလုံးနှင့် သက်ဆိုင်သည်။ ကလေးငယ်များအတွက် အရေးယူသည့်နည်းလမ်းများ ကွဲပြားသည့်အခါ ကွဲပြားသည်များကို ရောင်စုံမင်ဖြင့်ဖော်ပြထားမည်ဖြစ်သည်။ အခြားနည်းဖြင့် ဖော်ပြထားခြင်းမရှိလျှင်၊ လူကြီး၊ ကလေးများအတွက် တူညီသော နည်းလမ်းနှင့် အရေးယူဆောင်ရွက်မှုများအတိုင်း လုပ်ဆောင်ရမည်။

အိုင်အာစီမှ မိတ်ဖက်အဖွဲ့အစည်းအား ဦးဆောင်သည့်အခါ သို့မဟုတ် ပါတနာများမှ သင့်လျော်သည့် တုန့်ပြန်မှု ယန္တရားနှင့် ကျင့်ဝတ်များ အဆင်သင့်မရှိသည့်အခါ၊ အိုင်အာစီမှ ဤစီမံခန့်ခွဲမှုမူဘောင်နှင့် စံထားရသည့် ဆောင်ရွက်မှုလုပ်ထုံးကို ပါတနာများအား ဝေမျှပြီး ပါတနာမှ ၎င်းတို့ကိုယ်ပိုင် မထုတ်ပြန်နိုင်သေးသည့်အချိန်အထိ အိုင်အာစီ၏ ကာကွယ်စောင့်ရှောက်ရေးကျင့်ဝတ်များတွင် ပါတနာများကိုပါ ထည့်သွင်းထားမည်ဖြစ်သည်။

ဤစီမံခန့်ခွဲမှုမူဘောင်တွင် အောက်ဖော်ပြပါအခန်းများ ပါဝင်သည်

I. ကာကွယ်တားဆီးရေးနှင့် ကြိုတင်ပြင်ဆင်ထားမှု
    i. ဆက်သွယ်ရေး
    ii. လေ့ကျင့်သင်ကြားရေး
II. အစီရင်ခံခြင်း
III. အရှိန်မြှင့်တင်ခြင်းနှင့် စုံစမ်းစစ်ဆေးခြင်း လုပ်ငန်းစဉ်ကို အစီရင်ခံခြင်း
IV. တုန့်ပြန်မှုနှင့် ထောက်ပံ့ပေးသည့် ဝန်ဆောင်မှုများ
V. လေ့လာသင်ယူခြင်း နှင့် ပြန်လည်ဆင်ခြင်သုံးသပ်ခြင်း

**ကာကွယ်တားဆီးရေးနှင့် ကြိုတင်ပြင်ဆင်ရေး**

---

1 SOP ပုံကြမ်းအားယူရန် https://rescue.box.com/s/9xujls8skyqjrhe9gkcoq3xah9obj8jz။

စီမံခန့်ခွဲမှုမူဘောင်နှင့် ကန့်သတ်ထားသော စံထားရမည့် ဆောင်ရွက်မှုလုပ်ထုံးများ သို့မဟုတ် အမူသည်များအား ကာကွယ်စောင့်ရှောက်ခြင်းနှင့် စပ်လျဉ်း၍ ရေးထားသောအခြားစာတမ်းများ ရှိကြောင်းနှင့် ပါဝင်သည့်အကြောင်းအရာများကို သိရှိနားလည်ခြင်းသည် ချိုးဖောက်ကျူးလွန်မှုများကို ကာကွယ်စောင့်ရှောက်ခြင်းအတွက် အရေးပါသော အချက်အလက်များဖြစ်သည်။ ၎င်း၏ရုံးများအားလုံးရှိ ခေါင်းဆောင်များအနေဖြင့်လက်ခံနိုင်သည့်အပြုအမူများ၊ လက်မခံနိုင်သည့်အပြုအမူများ စပ်လျဉ်း၍သော်လည်းကောင်း၊ အိုင်အာစီ၏ ကာကွယ်စောင့်ရှောက်ရေး မူဝါဒညွှန်ကြားချက်များကို ချိုးဖောက်သည့်အခါ မည့်သည့် အရေးယူမှုများပြုကြောင်းကို ဝန်ထမ်းများသို့ စာပေးပို့ရန် အိုင်အာစီမှ မျှော်လင့်သည်။[2] ဤသည်က အခင်းများဖြစ်ပွားသည့်အခါ အချိန်နှင့်တပြေးညီ သင့်လျော်သည့် တုန့်ပြန်မှုများ ပံ့ပိုးပေးရန် အဆင်သင့်ဖြစ်စေသည်။

<u>ဆက်သွယ်ရေး</u>

ဆက်သွယ်ရေးဆိုရာတွင် ဝန်ထမ်းများ အပါအဝင် မက်လုံးပေး၍လုပ်ကိုင်စေသော၊ အခါအားလျော်စွာခန့်ထားသော၊ စာချုပ်ဖြင့်ခန့်အပ်ထားသော သို့မဟုတ် နေ့ပိုင်းဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ပါတနာများ၊ ရောင်းချသူများ၊ အခြားဖက်စပ်အဖွဲ့ဝင်များနှင့် အမူသည်များက လေးစားလိုက်နာရန် ပုံစံမျိုး သတ်မှတ်ခြင်းဖြစ်သည်။ ၎င်းသည် မျှော်လင့်ချက်များနှင့် ဘောင်များကို တိကျထင်ရှားပြီး နားလည်နိုင်သည့် နည်းလမ်းဖြင့် သတ်မှတ်ထားခြင်းဖြစ်သည်၊ ၎င်းသည် မည်သည်က လက်ခံနိုင်သည့်အပြုအမူဖြစ်သည်နှင့် မည်သည်က လက်မခံနိုင်သည့်အပြုအမူဖြစ်သည်ကို ဖော်ပြသည်။ အိုင်အာစီတွင် ကာကွယ်စောင့်ရှောက်ခြင်းနှင့်ပတ်သက်၍ ဆက်သွယ်ရာတွင် သင်၏ရုံးအားလမ်းညွှန်ရန်အတွက် အောက်ဖော်ပြပါ အခြေခံ စံနှုန်းများကို အသုံးပြုပါ၊

- သင့်တည်နေရာအတွက် ကာကွယ်စောင့်ရှောက်ရေး ဦးဆောင်သူများကိုချမှတ်ပါ။
    - နည်းပညာကျွမ်းကျင်သည့်ဝန်ထမ်းဖြစ်ရန်မလိုပါ၊ သို့ရာတွင် ဤရာထူးအတွက် အသင့်တော်ဆုံးသူများဖြစ်ရမည်။ ဦးဆောင်သူများ၏တာဝန်များသည် အမူသည်များမှ ကြုံတွေ့ရသော ချိုးဖောက်ကျူးလွန်မှုများကို ကာကွယ်စောင့်ရှောက်ရန်အတွက် စံထားရသော လုပ်ဆောင်ချက်လုပ်ထုံးတစ်ခု တိုးတက်လာမှုကဲ့သို့သော ကာကွယ်စောင့်ရှောက်ရေး လုပ်ဆောင်ချက်များကို ထောက်ပံ့ပေးရန်ဖြစ်သည်။ နောက်ဆက်တွဲ ၁ သည် ဤကဲ့သို့ဦးဆောင်ချက်များအတွက် အဆိုပြုတင်သွင်းထားသော TOR တစ်ခုကို ဖော်ပြထားသည်။
    - အမျိုးသမီးဝန်ထမ်းနှင့် အမူသည်များ အစီရင်ခံခြင်း၊ အကူအညီရယူခြင်းနှင့် ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများနှင့် စာပေးပို့ရာတွင် လုံခြုံစွာပါဝင်နိုင်ရန်အတွက် ကာကွယ်စောင့်ရှောက်ရေးတွင် အနည်းဆုံး အမျိုးသမီးခေါင်းဆောင်တစ်ဦးကိုထားရှိရမည်။

[2] ဤဝန်ဆောင်မှုခံယူသူများ၏မူဝါဒကိုထိန်းသိမ်းစောင့်ရှောက်ခြင်းများမှာ- ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးမူဝါဒ၊ နှင့်လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်ခြင်းနှင့်အလွဲသုံးစားမှုမူဝါဒကနေအကျိုးခံစားခွင့်ကာကွယ်စောင့်ရှောက်ရေး။

- ဖြစ်နိုင်လျှင် ကာကွယ်စောင့်ရှောက်ရေးခေါင်းဆောင်များစွာကို ခန့်အပ်ထားပြီး လိင်မတူကွဲပြားသည့်ခေါင်းဆောင်များကို မတူညီသည့် တည်နေရာများတွင် (မြို့ကြီးနှင့် နယ်ဘက်) ကိုယ်စားပြုစေခြင်းတို့ပါဝင်သည်။
- ဒေသတွင်း ဝန်ထမ်းအဖွဲ့များမှ ခေါင်းဆောင်များကို ကာကွယ်စောင့်ရှောက်ရေးခေါင်းဆောင်များအဖြစ် ခန့်အပ်ပါ။ ထိုသူအယောက်စီတိုင်းကို အကြီးတန်း စီမံခန့်ခွဲမှုအဖွဲ့ သို့မဟုတ် အခြားသော ဒေသဆိုင်ရာ အကြီးတန်းစီမံခန့်ခွဲမှု သို့မဟုတ် ဦးဆောင်အဖွဲ့တွင် အတူပါဝင်စေခြင်းသည် ဒေသန္တရအဆင့်တွင်ပင် ၎င်းတို့၏ ရာထူးနှင့် ကာကွယ်စောင့်ရှောက်ရေးကို အလေးထားကြောင်း ပြသရာရောက်သည်။

- ဝန်ထမ်းများနှင့် အမှုသည်များအားလုံးထံသို့ စီမံခန့်ခွဲမှုမူဘောင်၊ စံထားရသည့် ဆောင်ရွက်ချက်လုပ်ထုံးနှင့် အိုင်အာစီ၏ ကာကွယ်စောင့်ရှောက်ရေး မူဝါဒများပါ အကြောင်းအရာများရှိကြောင်း အသိပေးအကြောင်းကြားကာ၊ ထိရောက်မှုရှိရန်အတွက် တိုင်တန်းသူများထံမှ ယုံကြည်ကိုးစားမှုနှင့် လုံလောက်သော အခွင့်အာဏာရှိကြောင်း သေချာစေပြီး ထိုတိုင်ကြားချက်များကို မည်သူကပေးပို့မည်ဖြစ်ကြောင်း ဖော်ပြပါ။
  - ဒေသဆိုင်ရာဝန်ထမ်းများ (ကျား၊မ မရွေး) သည် စံထားရသည့် ဆောင်ရွက်ချက်လုပ်ထုံး ရေးဆွဲခြင်းနှင့် အခြား ဝန်ထမ်းနှင့် အမှုသည်များအား ဆက်သွယ်ပေးခြင်း လုပ်ငန်းစဉ်များတွင် ပါဝင်ရမည်။ ဤနေရာတွင် စီအာအာဒီအတွက် အလုပ်ဆောင်အဖွဲ့များရှိအမျိုးသမီးများပါဝင်သည်။ ဤသည်က ဒေသဆိုင်ရာ ဘာသာစကားနှင့် အခြေအနေများအား ထည့်သွင်းစဉ်းစားကြောင်း သေချာစေရန်ဖြစ်သည်။
    - လုပ်ဆောင်ရာတွင် လိင်၊ လူမျိုး၊ ဘာသာ သို့မဟုတ် အိုင်အာစီဝန်ထမ်း၏ ကွဲပြားခြားနားမှုကို ကိုယ်စားပြုသည့် အခြားလက္ခဏာများအပြင် ထို ဒေသဆိုင်ရာဝန်ထမ်းများ၏ တူညီမှုလက္ခဏာရပ်များကို ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။
  - လက်ရှိပရိုဂရမ်နှင့် ပရိုဂရမ်ဝန်ထမ်းအား အမှုသည်များနှင့် ဆက်သွယ်ရာတွင် ပဏာမအဆင့်အဖြစ်အသုံးပြုရန် အကြံပြုထားသည်။
  - စံထားရသည့် ဆောင်ရွက်ချက်လုပ်ထုံးတွင် ရှင်းလင်းရိုးရှင်းသော ဘာသာစကားကိုအသုံးပြုရမည်ဖြစ်ပြီး အကြမ်းရေးသားသူမှ အဖွဲ့အစည်းမှ ထွက်ခွာမည့်အမြင်ဖြင့် ရေးသားရမည်ဖြစ်သည့်အတွက် စာတမ်းကို နောက်တိုးရှင်းလင်းချက်မပါဘဲ ထားရှိရမည်။
  - အမှုသည်များနှင့် သင့်လျော်သော အဆက်အသွယ်နှင့် ဆွေးနွေးတိုင်ပင်မှုများ ပြုလုပ်ကြောင်း သေချာစေရန် ကာကွယ်စောင့်ရှောက်ခြင်း၊ ကျား၊မ တန်းတူညီမျှမှုနှင့် အကြမ်းဖက်မှုအား ကြိုတင်ကာကွယ်ခြင်းနှင့် တုံ့ပြန်ခြင်းစနစ်နှင့်ပတ်သက်၍ နည်းပညာရှင်များထံမှ ပံ့ပိုးမှုကို လိုအပ်သလို တောင်းခံနိုင်သည်။

- မည်သည့် ဆက်သွယ်ရေးပုံစံမျိုးများ အသုံးပြုမည်ဖြစ်ကြောင်း ဖော်ပြပါ။ အချို့ကို ပြောပြရလျှင် လူကိုယ်တိုင် တွေ့ဆုံဆက်သွယ်ခြင်းများ၊ ပိုစတာများ၊ ရေဒီယိုများနှင့် ဗီဒီယိုများ အပါအဝင် ရွေးချယ်စရာများစွာရှိပါသည်။

| |
|---|
| သတိပြုရန် - စာဖြင့်သာရေးသားထားသော ပိုစတာများကို ကလေးငယ်များနှင့် အတန်းပညာနိမ့်သော လူကြီးများအနေဖြင့် နားလည်နိုင်မည်မဟုတ်ပါ။ ကျွန်ုပ်တို့အနေဖြင့် ဖန်တီးနိုင်စွမ်းရှိရန်လိုအပ်ပြီး ရုပ်ပုံများ၊ ကာတွန်းများ၊ ဗီဒီယိုများ သို့မဟုတ် ကျွန်ုပ်တို့၏ သတင်းစကားများ ဖြန့်ဝေရန်အတွက် အခြားနည်းလမ်းများကို အသုံးပြုရန်လိုအပ်ပါသည်။ |

- ကာကွယ်စောင့်ရှောက်ခြင်းနှင့် ပတ်သက်၍ အဆက်အသွယ်များ မည်သို့ရယူလိုကြောင်းနှင့် ပတ်သတ်၍ ဝန်ထမ်းနှင့် အမှုသည်များအား ဆွေးနွေးပေးရန် လိုအပ်သည်။ ဒေသအခြေအနေ အနေအထား ကန့်သတ်ချက်များ - ဥပမာအားဖြင့် ဖုန်းဝန်ဆောင်မှု သို့မဟုတ် အပြောတစ်မျိုးသာရှိသည့် ဘာသာစကားများ - ကိုလည်းထည့်သွင်းသုံးသပ်ရန် လိုအပ်သည်။ ကျွန်ုပ်တို့၏ မတူညီသည့် အခြေအနေများဖြင့် မည်သို့ဆက်သွယ်ပြောဆိုကြသည်ကို မှန်ကန်သည့်ဖြေဆိုမှုမရှိသေးချေ၊ ထို့နောက် သတင်းစကားများမည်သို့ဖြန့်ဝေသည်ဆိုခြင်းထက် မည်သို့လက်ခံ ရရှိမည်မှာအရေးပါသည့် အစိတ်အပိုင်းတစ်ခုဖြစ်သည်။
- မတူညီသည့် ဆက်သွယ်ရေး နည်းစနစ်များတည်ဆောက်ရာတွင် လိင်နှင့် အသက်ရွယ် ဆန်းစစ်မှုသည် အရေးပါသည့် ထည့်သွင်းစဉ်းစားစရာဖြစ်၍ ဆက်သွယ်ရေး နည်းစနစ်တွင် ထိုလိုအပ်ချက်များအား အကျိုးသက်ရောက်စေရန် သက်ဆိုင်သောသီးခြားအဖွဲ့များနှင့် ဆွေးနွေးချက်များကို အသုံးပြုရန်လိုအပ်ပါသည်။

- ကိုင်တွယ်ဖြေရှင်းမှု စနစ်ပုံစံ၊ စံလုပ်ထုံးလုပ်နည်းများနှင့် အခြား သက်ဆိုင်သည့် အချက်အလက်များအတွက် ပုံမှန်အသိပေးချက်နှင့် ဆက်သွယ်မှုများ သတ်မှတ်ထားရန်။
  - အကျိုးခံစားခွင့်ရရှိသူများ၏ ဘေးကင်းလုံခြုံစေရေးနှင့်စပ်လျဉ်း၍ အကြီးတန်း စီမံခန့်ခွဲမှုအဖွဲ့ဝင်များ၏ အထောက်ပံ့ရသည့် ဘေးကင်းလုံခြုံစေရေးခေါင်းဆောင်တစ်ဦးမှ ဝန်ထမ်းအားလုံးနှင့် ပုံမှန် ဆက်သွယ်မှုပုံစံတစ်ခုဖန်တီးထားရန် အကြံပြုထားပါသည်။ အကြီးတန်းစီမံခန့်ခွဲမှု သို့မဟုတ် ဝန်ထမ်းအားလုံးအစည်းဝေးတွင် ဆွေးနွေးချက်များထည့်သွင်းခြင်းများ၊ ကာကွယ်ရေးဆိုင်ရာ အမျိုးမျိုးသောလုပ်ဆောင်ချက်များအား သုံးလတစ်ခါ ပြန်လည်သင်တန်းပေးခြင်းများ၊ သက်ဆိုင်သော အချက်အလက်များ အလှမ်းမည်အောင် ထားရှိရန် တို့မှာ ထည့်သွင်းဆွေးနွေးနိုင်မည့်အချက်ဖြစ်သည်။ မတူညီသည့် နည်းစနစ်များ ပေါင်းစပ်ထားခြင်းသည် ပိုမိုသက်ရောက်မှုရှိနိုင်သည်။
  - ဘေးကင်းလုံခြုံစေရေး GE၊ VPRU ဆိုင်ရာ ကျွမ်းကျင်သူများထံမှ လမ်းညွှန်မှုများအား ရယူရန် အကြံပြုသည်။ အဘယ်ကြောင့်ဆိုသော် ထိုသူတို့သည် သင့်လျော်သည့် ဆက်သွယ်ရေးဆိုင်ရာ အချက်အလက်များ တည်ဆောက်ရာတွင် ထောက်ပံ့ပေးနိုင်မည့် အတတ်ပညာပိုင်း ကျွမ်းကျင်မှု ရှိသောကြောင့် ဖြစ်သည်။

ဘေးကင်းလုံခြုံစေရေးဝန်ထမ်းအဖွဲ့ သည် ၂၀၁၈ တွင် IRC တွင်ဖွဲ့စည်းထားသည့် အလုပ်မှုဆောင်အဖွဲ့ဖြစ်ပြီး၊ ဘက်စုံကျွမ်းကျင် နည်းပညာဝန်ထမ်းနှင့် CRRD နှင့် RAI တို့မှ အကြီးတန်း ခေါင်းဆောင်များ ပါဝင်၍၊ နှစ်လတစ်ကြိမ် လုံခြုံရေးဆိုင်ရာ ဆက်သွယ်ရေး ကိရိယာများဖန်တီး၍ တာဝန်များလုပ်ဆောင်ရာတွင်လည်းအထောက်ကူပြုရန်အကူညီပေးသည်။

<u>လေ့ကျင့်သင်ကြားရေး</u>

သံနေသံထားနှင့် အမူအကျင့် ပြုပြင်ခြင်းကိုဆက်သွယ်ရေး ဆိုလိုသည်။ လေ့ကျင့်သင်ကြားမှု ဆိုရာတွင် ဝန်ထမ်းများကို၊ အလုပ်ကြိုးစားမှုအတွက် ချီးမြင့်ခြင်းအပါဝင်၊ အချိန်နှင့်အားလျှော်စွာ၊ သဘောတူညီချက်များ သို့မဟုတ် နေ့စားနှင့် ပရဟိတအလုပ်သမားများ၊ မိတ်ဖက်၊ ထောက်ပံ့ရေးနှင့် အခြား ဆက်စပ်သူများကို ပိုမိုထဲဝင်နားလည်နိုင်မည့် အမူအကျင့်များနှင့်နားလည်နိုင်ရန် အသိပညာ အတတ်ပညာများ ဖြည့်ဆည်းပေးရန်ဆိုလိုသည်။ တစ်စိတ်တစ်ပိုင်းအနေဖြင့်၊ ယခုလုပ်ဆောင်ချက်က *ဘယ့်ကြောင့်*IRC ကအချို့ လုပ်ဆောင်ချက်များသည် အဖွဲ့အစည်းနှင့် ဆက်စပ်သူများက လက်ခံနိုင်ကြောင်း ယုံကြည်ရသည်ကိုပြောပြသည် - အကျိုးခံစားခွင့်ရရှိသူများကို လေးစားသမှုနှင့် ဆက်ဆံခြင်း နှင့်အခြား - ကလေးငယ်များကို ၎င်းတို့ပညာသင်ခွင့် အပြည့်ဝရရှိစေရန် အတားဆီးဖြစ်စေမည့် ကလေးအလုပ်သမား ကိစ္စများနှင့် အလားတူတို့မှာ လက်ခံနိုင်မည့်ကိစ္စမဟုတ်ပေ။

လေ့ကျင့်သင်ကြားမှုသည် အချိန်မီတုန့်ပြန်နိုင်ရန်၊ အဆင့်တန်းရှိရှိနှင့် အကြမ်းဖက်မှုများတွင် လုံခြုံရေးဆောင်ရွက်ရာ၌ ကျူးလွန်ခံရသူကို အခြေပြုရန် စသည့်အတွက် လိုအပ် သည့်အသိပညာ အတတ်ပညာများ ထောက်ပံ့ပေးရန် ဖြစ်သည်။ မည်သူတစ်ယောက်မျှ ကျူးလွန်ခံရသူကို မည်သို့တုန့်ပြန်ရမည်ကို အလိုအလျှောက်သိရှိမည်ဟု မသတ်မှတ်ရ။ အချို့သောပြည်တွင်းရုံးများတွင် ယခုခေါင်းစဉ်နှင့် သင်ကြားထားပြီးသည့် ဝန်ထမ်းများ ရှိပြီးဖြစ်၍ အဖိုးတန်အရင်းမြစ်များ ဖြစ်သော်လည်း အခွင့်ရေးရနိုင်သည့်အခါတွင် ဝန်ထမ်းအားလုံးက ကျူးလွန်ခံရသူများအား ထောက်ပံ့တုန့်ပြန်နိုင်ရန် သင်ကြားထားရမည်။ ကျူးလွန်ခံရသူကို မည်သူကအနီးစပ်ဆုံးကြည့်ရှုနိုင်မည်ဟု အသေအချာမသိရှိနိုင်သည့်အတွက် သတင်းပေးပို့သည့် ကျူးလွန်ခံရသူကိုအားလုံးက အကူအညီပေးနိုင်ရန် ပြင်ဆင်ထားရမည်။

ဤတွင် ပို့ချရမည့် မတူညီသည့် လေ့ကျင့်သင်ကြားမှု အဆင့်သုံးခုရှိသည်။

1) အားလုံးက ကျူးလွန်ခံရသူအား အနီးစပ်ဆုံး အလျင်မြန်ဆုံးနှင့် အဦးဆုံး မည်သို့အကူညီပေးနိုင်ရန် သိရှိထားရန်လိုသည်။ စိတ်ပိုင်းဆိုင်ရာပထမအကူအညီ၊ CRRD မှ အမှုကိုင်တွယ်သူထံလွှဲပြောင်းပေးရန် သို့မဟုတ် RAI ပြင်ပ ဝန်ဆောင်မှုသို့လွှဲပြောင်းပေးရန်နှင့် စာတမ်းပြုစုရန်/တင်ပြရန် တို့ကို အချက်လက်လုံခြုံမှုနှင့် ကျူးလွန်ခံရသူ၏သဘောတူညီချက်ရယူရန် အစရှိသဖြင့်
2) ခေါင်းဆောင်နှင့် ဘေးကင်းလုံခြုံစေရေးခေါင်းဆောင်သည် အထက်တွင်ဖော်ပြထားသည်များအား လေ့ကျင့်သင်ကြားပြီးထားရန်အပြင် အသိပညာမြှင့်တင်ပေးခြင်း၊ နှင့် အမူကျင့်အပြောင်းလဲဆိုင်ရာအသိမျး ထောက်ပံ့ပေးနိုင်ရန် အသိပညာ၊ အတတ်ပညာများလည်း လိုအပ်ပါသည်။

3) အမှုဆောင်ရွက်သူများအား အထက်တွင်ဖော်ပြထားသည့်တိုင်း လေ့ကျင့်သင်ကြားပေးထားရန်အပြင် အတိုးတောင်းဆုံးအချိန်အတွက် တုန့်ပြန်နိုင်ရန် သင်ကြားပေးထားရန်ဖြစ်သည်။

- စာချုပ်နှင့်ဝန်ထမ်း သို့မဟုတ် နေ့စာဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ တွဲဖက်လုပ်ဆောင်သူများ၊ ပစ္စည်းထောက်ပံ့သူများနှင့် အခြား သက်ဆိုင်သည့် ဝန်ထမ်းများအား ကိုင်တွယ်မှုပုံစံစည်းဘောင်နှင့် စံလုပ်ထုံးလုပ်နည်းများအစရှိသည့် လုံလောက်သည့် လေ့ကျင့်သင်ကြားပေးမှုများရှိရန်၊ IRC နှင့်ဆက်စပ်သူ တစ်ဦးချင်းကို လက်ခံနိုင်သည့်အမူကျင့်များကို အသိပေးခြင်း ပြန်လည်အမှတ်ရစေခြင်းလုပ်ဆောင်ချက်များရှိရန် သတိပြုရမည်။
    - ဘေးကင်းလုံခြုံရေးကာကွယ်မှုဆိုင်ရာ သင်ကြားမှုသင်ရိုးများသည် ရုံးချုပ် (HQ) အဆင့်ဖြင့်မွမ်းမံပြင်ဆင်ရန်ဖြစ်ပြီး၊ ယင်းကိုလိုက်နာကျင့်သုံး၍ ပြုမူဆက်ဆံရန်နှင့် ဒေသအခြေအနေနှင့် ကိုက်ညီအောင်ပြင်ဆင်ရန်မှာ ပြည်တွင်း အဆင့်ဆောင်ရွက်ရန်ဖြစ်သည်။ ၎င်းတွင် အီလက်ထရောနစ်သင်ကြားမှု မော်ကျူးများနှင့် အသိပညာနှင့် အတတ်ပညာများ ပိုမိုတိုးပွားတည်ဆောက်နိုင်ရန် သင်ကြားမှုဆိုင်ရာအထောက်အကူများ အသုံးချပုံကို သင်ကြားပေးမည့်နည်းပြနှင့် အမူအကျင့်များကို အချိန်နှင့်တပြေးညီပြောင်းလည်းနိုင်ရန်တို့ပါဝင်သည်။ ယခုသင်ကြားမှုစနစ်၏ နောက်ထပ်အချက်အလက်များနှင့် တိုးတက်မှုအခြေအနေကို ဘေးကင်းလုံခြုံရေးညွှန်ကြားရေးမှူးထံမှ စုံစမ်းမေးမြန်းနိုင်သည်။ သင်ကြားမှုများကို မတူညီသည့် ဘာသာစကားများအတွက် ဖန်တီးထားပြီးဖြစ်သော်လည်း လိုအပ်လာပါက နောက်ထပ် ဘာသာစကားအသုံးနှုန်းများနှင့် ဘာသာပြန်ခြင်းများ ဒေသအခြေအနေနှင့် ကိုက်ညီအောင်ပြင်ဆင်ခြင်းများ ပြုလုပ်ရန်ဖြစ်သည်။ ထွက်ပေါ်လာသည့်အခါ သင်ကြားမှုသည် နေရာအားလုံးမှ ဝန်ထမ်းအားလုံးထံပို့ချပြီးဖြစ်ရန်လိုသည်။
    - အရင်းအမြစ်တိုးမြင့်ရန်အတွက် ငွေကြေးထောက်ပံ့မှုအား ဖြစ်နိုင်သည့်အခြေအနေတွင် တောင်းခံထားပြီးဖြစ်ရန်အကြံပြုသည် - ရုံးတွင်းဝန်ထမ်အရင်းအမြစ်တိုးမြင့်ခြင်း အစရှိသည်ဖြင့် - အခြားလုံခြုံရေးနှင့် ကိုယ်ကျင့်တရားဆိုင်ရာ လုပ်ဆောင်မှုများကဲ့သို့ပင် စာချုပ်ဖြင့် ဝန်ထမ်းများ သို့မဟုတ် နေ့စား၊ ပရဟိတဝန်ထမ်းများနှင့် မိတ်ဖက်များ၊ ပစ္စည်းထောက်ပံ့သူများနှင့် အခြား ဘေးကင်းလုံခြုံရေးဆိုင်ရာလုပ်ဆောင်သူများအတွက် အကြံပြုထားသည်။ ယခုညွှန်ကြားချက်အတွက်ဦးတည်မှုမှာ ငွေကြေးအထောက်ပံ့သည် တစ်စုံတစ်ယောက်စီအတွက် သီးခြားလုပ်ဆောင်မှုတစ်ခုစီအတွက်နှင့် အစီအစဉ်အရလိုအပ်လာသည့်အခြေအနေနှင့်လည်းဆက်ဆိုင်နိုင်သည်။
    - ဘေးကင်းလုံခြုံရေးဆိုင်ရာ၊ GE၊ နှင့် VPRU တို့တွင် ကျင့်သုံးရန်သို့မဟုတ် သင်ထောက်ကူများဖြင့်ပို့ချနိုင်ရန်အတွက် နည်းပညာဆိုင်ရာကျမ်းကျင်သူများ၏ အကူအညီကို လိုအပ်သလိုရယူရန်ဖြစ်သည်။

**တင်ပြခြင်း**

IRC အကျိုးခံစားခွင့်ရရှိသူများအတွက် အဖွဲ့အစည်းကို သင့်လျော်သည်၊ လုံခြုံသည့်၊ သိက္ခာရှိသည်၊ လျှို့ဝှက်၍လည်းကောင်း တင်ပြချက်များပြုလုပ်နိုင်ရန် နှင့် ကျူးလွန်ခံရသူများကို ဗဟိုပြုသည့် မတော်တဆမှုအတွက် လိုအပ်သည့် အမူအကျင့်များရှိကြောင်းအတည်ပြုရန် ဖြစ်ပျက်သည့်အချိန်တွင်း အကြောင်းရာများမှတ်တမ်းတင်ထားရန်နှင့် တင်ပြချက်ပါဝင်စေရန်ဖြစ်သည်။ တင်ပြချက်ဆိုင်ရာလုပ်ထုံးလုပ်နည်းများ ရှိနေခြင်း၊ အသုံးပြုနေခြင်းမှာ ပွင့်လင်းမြင်သာသည့် ပတ်ဝန်းကျင်၊ ဆက်သွယ်မှုဖြစ်စေရန် အထောက်အပံ့ဖြစ်သောကြောင့် ရေရှည်တွင် အလားအလာရှိသော ကျူးလွန်သူများအား အဟန့်အတားဖြစ်စေနိုင်သည်။

တိုင်ကြားမှုပြုလုပ်နိုင်သည့် လမ်းကြောင်းများသည် လုပ်ငန်းလုပ်ဆောင်နေသော ဒေသအခြေအနေပေါ်မူတည်၍ ပြောင်းလည်းနိုင်သည့်အတွက် မတူညီသည့် လိင်နှင့် အသက်အရွယ်များအားလုံးအတွက် အမျိုးမျိုးသောလမ်းကြောင်းများအား ရရှိအသုံးပြုနိုင်ရန် လုပ်ဆောင်သင့်သည်။ ထားရှိသော လုပ်ထုံးလုပ်နည်းများသည် အဖွဲ့အစည်းတစ်ခုတည်းအတွက်သာ အဆင်ပြေသည် မဟုတ်ဘဲ အကျိုးခံစားရသူများအတွက် ကိုက်ညီမှုရှိရမည် ဖြစ်သည်။[3] ကလေးသူငယ်ကာကွယ်ရေး၊ အမျိုးသမီးများကာကွယ်ပေးရေးနှင့် စွမ်းရည်မြှင့်တင်ရေး (WPE) သို့မဟုတ် ဥပဒေစိုးမိုးရေးအတွက်အကာအကွယ်ပေးရေး (PRoL) အစီအစဉ်များက လုပ်ငန်းလည်ပတ်မှုဖြစ်သည့် IRCတွင်
တိုင်ကြားခြင်းအား ထောက်ခံအားပေးပြီး ယခုတည်ဆဲဝန်ဆောင်မှုများအတိုင်းလုပ်ဆောင်ရန်လွယ်သည်။ လုပ်ငန်းလည်ပတ်မှုမဟုတ်သည့်အခါတွင် သို့မဟုတ် ယင်းအတွက်ထပ်တိုးဖြစ်သည့်အခါတွင် အခြား လမ်းကြောင်းများကိုဖန်တီးရန်လိုသည်။ IRC က တွဲဖက်သို့မဟုတ် အတွင်းအေဂျင်ဆီ ပြသနာတင်ပြနိုင်သည့် ယန္တယားကိုဖြစ်သည့် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းနှင့် အလွဲသုံးပြုခြင်းများမှ ကာကွယ်ခြင်း (PSEA) တွင် ပါဝင်ပါက အကျိုးခံစားခွင့်ရှိသူများလည်း ထို အမြတ်ထုတ်ခြင်းနှင့် အလွဲသုံးပြုခြင်းတို့ကို အထက်ပါလုပ်ဆောင်မှုပုံစံအတိုင်းတိုက်ရိုက် တင်ပြနိုင်သည်။

- အကျိုးခံစားခွင့်ရှိသူများနှင့်ကိုက်ညီမည့် တင်ပြမှုပုံစံ ယန္တယားကိုတည်ဆောက်ရန်ဖြစ်သည်။
    - သင်သည် အကျိုးခံစားခွင့်ရှိသူနှင့် အကဲဖြတ်ဆန်းစစ်၍ IRC အစီအစဉ်များ၊ ကိုယ်ကျင့်တရာဆိုင်ရာဖောက်ဖျက်မှု သို့မဟုတ် လုံခြုံရေးဆိုင်ရာဖောက်ဖျက်မှုများနှင့်ပက်သတ်၍ သူတို့အတွက် တင်ပြရန်နည်းလမ်းကို သင့်လျှော်သည့်မည်သည့်တင်ပြမှုပုံစံမဆိုဖန်တီးနိုင်ရန်အကြံပြုထားသည်။
    - အစီရင်ခံခြင်းလုပ်ငန်းစဉ်များသည် ပုံစံအမျိုးမျိုးရှိနိုင်သည်ကို သတိပြုပါ၊ ပြီးနောက် နေရာ၊ အသက်၊ ကိုးကွယ်သည့်ဘာသာ၊ ဆင်းသက်လာသည့် တိုင်းရင်းသားမျိုးနွယ် နှင့် လိင်အမျိုးအစားစသဖြင့် သင်အလုပ်လုပ်ရသည့် အခြေအနေအတွင်းတွင်ပင် ကွဲပြားနိုင်ခြေရှိပါသည်။ အစီရင်ခံခြင်းလုပ်ငန်းစဉ်များကို ပုံဖေါ် ရာတွင် ဘာသာစကားနှင့် စာတတ်မြောက်မှု နည်းပါးခြင်းတို့သည် မဖြစ်မနေ ထည့်သွင်းစဉ်းစားရမည့် အချက်များဖြစ်နိုင်ပါသည်။ ထို့အပြင် အစီရင်ခံခြင်း လိုအပ်ချက်များသည် နိုင်ငံ သို့မဟုတ်

---

[3] အမှုသည်အစီရင်ခံခြင်းအတွက် ထပ်ဆင့် လမ်းညွှန်မှုတို့အား အမှုသည်တာ ဝန်ခံမှုဘောင်နှင့်ယင်း ECU ခေါင်းဆောင်တို့ထံမှရယူနိုင်ပါသည်။ လက်ရှိလမ်းညွှန်မှုမှတ်တမ်းမူကြမ်း နှင့် ရှိပြီး ကောင်းသောအမူကျင့်ပုံကြမ်းများကိုရယူရန် - https://rescue.box.com/s/645zwce8mr9xhenbqg0z1hky8cwhthvd

မြို့အစီအစဉ်တစ်ခုအတွင်းတွင်ပင် ကွဲပြားနိုင်ပါသည်။ ဤကွဲပြားချက်များကို အကဲဖြတ်ရာတွင် ထည့်သွင်းစဉ်းစားရပါမည်။

- အစီရင်ခံခြင်းလုပ်ငန်းစဉ်များ စတင်လုပ်ဆောင်ရန်အတွက် အစီအစဉ်တစ်ခုကို အကောင်အထည်ဖော်ပြီး ၎င်း၏တည်ရှိမှုသည် အမှုသည် လူစုနှင့် ပုံမှန်ထိတွေ့မှုရှိကြောင်း သေချာပါစေ။
  - အစီရင်ခံခြင်းလုပ်ငန်းစဉ်များ စတင်လုပ်ဆောင်ရာတွင်အမှုသည် လူစုနှင့် ပူးပေါင်းညှိနှိုင်းလုပ်ဆောင်ရန် လိုအပ်ပါသည်။ အစီရင်ခံခြင်းလုပ်ငန်းစဉ်များတွင် ယုံကြည်မှုကို အစမှစ၍ တည်ဆောက်ထားကြောင်း သေချာစေရန် ဤအရာက အထောက်အကူပြုပြီး အမှုသည် လူစုသည် ဤစနစ်က သူတို့အသုံးပြုရန်အတွက် အမှန်ဖြစ်ကြောင်းကို နားလည်မည်ဖြစ်သည်။
  - အမှုသည်များအနေဖြင့် မည်ကဲ့သို့ အစီရင်ခံနိုင်ကြောင်းကို ရှင်းလင်းဖော်ပြထားသော ပုံများ၊ အသံ နှင့် ဗွီဒီယို (သင့်တော်သလိုနှင့် သုံးခွင့်ပြုထားသော ငွေပမာဏအတွင်း) ဆက်သွယ်ရေးများသည် အရန်သင့် ရှိနေပြီး ကလေးများနှင့် စာတတ်မြောက်မှုနည်းပါးသောသူများအတွက် အတတ်နိုင်ဆုံး ပုံများဖြင့်ဖော်ပြထားပြီး သက်ဆိုင်ရာဘာသာစကားဖြင့် ဖေါ်ပြကာ ယဉ်ကျေးမှုအရလည်း သင့်လျော်သော နည်းလမ်းများဖြင့်ဖြစ်ရန် လိုအပ်သည်။
  - အစီရင်ခံခြင်းလုပ်ငန်းစဉ်များသည် ရည်ရွယ်ထားသော လူထု၏လိုအပ်ချက်များ ပြည့်မီပြီး အလေ့အကျင့်ကောင်းများရှိကြောင်း သေချာစေရန် ကာကွယ်ခြင်း၊ GE၊ VPRU နှင့် စောင့်ကြည့်အကဲဖြတ်ခြင်းနှင့် လေ့လာခြင်း (MEAL) တို့နှင့်ပတ်သက်၍ လိုအပ်သလို နည်းပညာအထူးကျွမ်းကျင်သူများထံမှ အကူအညီရယူပါ။

- အစီရင်ခံသည့်စနစ်အသုံးပြုပုံအား စောင့်ကြည့်သည့် စနစ်တစ်ခုကို တည်ဆောက်ပြီး ၎င်းသည် အမှုသည် လူစု၏လိုအပ်ချက်များအတွက် အမြဲသင့်လျော်ကြောင်း သေချာပါစေ။
  - အစီရင်ခံသည့်စနစ်၏အကျိုးသက်ရောက်မှုကို စမ်းသပ်ရန်နှင့် အစီရင်ခံစာများကို စုဆောင်းရန် ပုံမှန်ထင်မြင်ချက်ပေးချိန်များကို အမှုသည် လူစုနှင့် ပြုလုပ်ရန် လိုအပ်သည်။
  - MEAL နှင့် အစီအစဉ်ဆွဲသည့် ဝန်ထမ်းများသည် အသုံးပြုသူများနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံဖူးသည့်အတွက် အစီရင်ခံခြင်းလုပ်ငန်းစဉ်များကို ပို၍ကြာကြာစောင့်ကြည့်ရာတွင် ပါဝင်ရန် အကြံပြုပါသည်။ ၎င်း၏စီမံခန့်ခွဲခြင်းနှင့် တည်ရှိခြင်းအတွက် တာဝန်ခံမှုသည် ပြည်တွင်းအဆင့် အကြီးတန်း စီမံခန့်ခွဲမှုအတွင်း တည်ရှိသည်။

**အစီရင်ခံစာ ပြန့်ပွားခြင်း နှင့် စုံစမ်းစစ်ဆေးခြင်း လုပ်ငန်းစဉ်**

IRC သည် IRC ဝန်ထမ်းများ၏ အကျင့်ဆိုးများနှင့်ပတ်သက်၍ ရှေ့ထွက်ပြောဆိုမည့် အသုံးပြုသူသည် စိတ်သက်တောင့်သက်သာ ခံစားနိုင်သည့် ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးလိုပါကအသက်ရှင်ကျန်သူကို အဓိကထားပြီး အစီရင်ခံသည့် ပုဂ္ဂိုလ်၏ လုံခြုံမှု နှင့် လျှို့ဝှက်ချက်တို့ကို ကာကွယ်ပေးသည့် အပြုအမူဖြင့် အစီရင်ခံစာများကို စုဆောင်းနိုင်ခြင်းသည် လွန်စွာအရေးပါသည်။ IRC အလုပ်လုပ်သည့် အခြေအနေတချို့တွင် လူမှုအသိုင်းအဝိုင်း သို့မဟုတ် ပိုကျယ်ပြန့်သော မိသားစုက ထိခိုက်လွယ်သော လူတစ်ယောက်တွင် ကာကွယ်ရေး ချိုးဖောက်မှုတစ်ခုရှိနေကြောင်း သတိထားမိခြင်းနှင့်ဆက်နွယ်နေသော သိသာထင်ရှားသည့် အန္တရာယ်များရှိသည်ကို သတိပြုမိရန် အရေးကြီးသည်။

> သတိပြုပါ - ကာကွယ်ရေး ချိုးဖောက်မှုများတွင် ကလေးများပါဝင်နေသောအခါ မဖြစ်မနေပြုလုပ်ရသော အစီရင်ခံသည့် လိုအပ်ချက်များ ရှိပါသည်။

အစီရင်ခံခြင်းသည် လူကြီးများ၊ ဆယ်ကျော်သက်များ နှင့် ပိုငယ်သောကလေးများအတွက် သိသိသာသာ ခြားနားချက်များ ရှိသည့် နယ်ပယ်တစ်ခုဖြစ်သည်။ ကလေးငယ်များ အစီရင်ခံရာတွင် သူတို့အစီရင်ခံစာများ၏လျှို့ဝှက်ချက်သည် ကလေး၏အကျိုးစီးပွားနှင့်ယှဉ်၍လုပ်သော လုပ်ရပ်ဖြစ်ရန် လိုအပ်သည်။ အစီရင်ခံခြင်း နှင့် စုံစမ်းစစ်ဆေးခြင်း လုပ်ငန်းစဉ်အတွင်း [4]ကလေးများသည် စောင့်ရှောက်သူတစ်ဦးမှ အချိန်ပြည့် အဖော်ပြုထားသင့်သည်။ ကလေးများကို မေးခွန်းမေးရာတွင် နောက်ထပ်မနာကျင်စေရအောင် အထူးသတိပြုရမည်။ CRRD တွင် ဖြစ်နိုင်ပါက မေးခွန်းမေးစဉ် ပါဝင်ရန် သို့မဟုတ် အကောင်းဆုံးနည်းလမ်းများကို အကြံပြုရန် စသည့် တစ်ခုခုကို ပြုလုပ်ရန် ကလေးများကို မေးခွန်းမေးသည့် လုပ်ငန်းစဉ်တွင် ကလေးကာကွယ်ရေးနည်းပညာဝန်ထမ်းများ ပါဝင်သင့်သည်။ RAI အတွက်မူ ဤအရာသည် ပြင်ပအရင်းအမြစ်များကိုအသုံးပြုရန် လိုအပ်ကောင်းလိုအပ်နိုင်သည်။

အစီရင်ခံစာတစ်ခုကို ပြုလုပ်ရာတွင် IRC ဝန်ထမ်း အဖွဲ့ဝင်များသည် အောက်ပါ သတင်းအချက်အလက်များကို ရှာဖွေသင့်သည် - ဘာဖြစ်သလဲ၊ ဘယ်အချိန်ကလဲ နှင့် စွပ်စွဲသည့် မတော်တဆမှုက ဘယ်နေရာမှာ ဖြစ်သလဲ နှင့် မည်သူ ပါဝင်ပတ်သက်သလဲ။ အစီရင်ခံသူများသည် လိမ်နေသည် သို့မဟုတ် သူတို့စွပ်စွဲချက်၏အသေးစိတ်အချက်အလက်များကို လုပ်ကြံထားခြင်း ဖြစ်ကောင်းဖြစ်မည်ဆိုခြင်းကို မည်သည့်အခါမျှ လက်မခံပါ။ အစီရင်ခံစာတစ်ခုကို လက်ခံရာတွင် သင့်တော်သည့် အသက်ရှင်ကျန်သူကို အဓိကထားသော မေးခွန်းများကို ကျွန်ုပ်တို့မေးသည်၊ အစီရင်ခံသူကို ယုံကြည်သည်၊ ထို့နောက် စုံစမ်းစစ်ဆေးရန်အတွက် ECU သို့ သတင်းအချက်အလက်များကို ဆက်သွယ်မေးမြန်းသည်။

[4] စောင့်ရှောက်သူ ဆိုသည့် အခေါ်အဝေါ်သည် ကလေးငယ်အတွက်နေ့စဉ်စောင့်ရှောက်မှုများကိုပြုလုပ်နေသူကို ဆိုလိုသည်။ သူ၊သူမသည် မိဘ၊ ဆွေမျိုး၊ မိသားစုသူငယ်ချင်း သို့မဟုတ်အခြားအုပ်ထိန်းသူ ဖြစ်သည်၊ ၎င်းသည် အမြဲတမ်း ဥပဒေအရ တာဝန်ယူခြင်း နှင့်မသက်ဆိုင်ပါ။

ခွင့်ပြုချက်[5] နှင့် လျှို့ဝှက်ချက်တို့သည် [6]IRC သို့ အစီရင်ခံသော အသက်ရှင်ကျန်သူများသို့ ကျွန်ုပ်တို့ ပေးသော ဂုဏ်သိက္ခာနှင့် ဂရုစိုက်မှု၏ မရှိမဖြစ်လိုအပ်သော အရာများဖြစ်ကြပြီး အချိန်တိုင်းတွင် ထိုအရာများကို စောင့်ထိန်းလိုက်နာရမည်။ IRC သည် အသက်ရှင်ကျန်သူကို အဓိကထားသော ချဉ်းကပ်နည်းကို အသုံးပြုသည်။ ကာကွယ်ခြင်း ကျင့်ဝတ်ဖောက်ဖျက်မှုကို *အစီရင်ခံရန် အသက်ရှင်ကျန်သူကို အဓိကထားသည့် ချဉ်းကပ်နည်းတစ်ခုအတွက် နောက်ထပ်အသေးစိတ်အချက်အလက်များကို ကြည့်လိုလျှင်* IRC လမ်းညွှန်ချက်များကို ရှာပါ။

ကျူးလွန်သူဟု အစွပ်စွဲခံရသူသည် IRC ဝန်ထမ်းအဖွဲ့ဝင်တစ်ယောက်မဟုတ်သည့် အခြေအနေများတွင် IRC သည် လက်ရှိ အေဂျင်စီအတွင်း လုပ်ငန်းစဉ်များအရ သို့မဟုတ် ပြည်တွင်း ဥပဒေစိုးမိုးရေး ဆောင်ရွက်နေသည့် အဖွဲ့အစည်းများသို့ ဆက်လက်စုံစမ်းရန်နှင့် အရေးယူရန်အတွက် သတင်းပို့နိုင်သည်။ အဆိုပါ ရည်ညွှန်းသူများကို လူပုဂ္ဂိုလ်တစ်ယောက်ယောက်(အသက်ရှင်ကျန်သူများ၊ ဝန်ထမ်းများ နှင့် မျက်မြင်သက်သေများ)အနေဖြင့် မည်သည့် လုံခြုံရေးအန္တရာယ် သို့မဟုတ် ဘေးအန္တရာယ် တစုံတရာမကျရောက်သည့်အခါတွင်မှသာ ထည့်သွင်းစဉ်းစားပါသည်။

- အမှုသည်များအား ကာကွယ်မှု ချိုးဖောက်ခြင်းများအတွက် သတင်းပို့ထားသော သို့မဟုတ် ရွေးချယ်ထားသော မတော်တဆမှုများကို လက်ခံရန် သို့မဟုတ် ပြန့်ပွားရန်နည်းလမ်းအကြောင်းကို IRC ဝန်ထမ်းများ၊ ဆန္ဒအလျောက်လုပ်သော၊ ရုံဖန်ရုံခါလုပ်သော၊ စာချုပ်ထားသော၊ သို့မဟုတ် နေ့ပိုင်းအလုပ်သမားများ၊ လုပ်အားပေးသူများ၊ ပါတနာများ၊ ဝန်ဆောင်မှုပေးသူများ သို့မဟုတ် အခြား ဆက်စပ်နေသူများထံ ဆက်သွယ်ပါ။
    - အစီရင်ခံစာများကို ပြန့်ပွားအောင်လုပ်နည်းသည် ပြည်တွင်းအဆင့်တွင် ပြည်တွင်း အခြေအနေတစ်ခုချင်းစီအတွက် လိုက်လျောညီထွေဖြစ်အောင်ပြုလုပ်ထားသော IRC

[5] IRC ခွင့်ပြုချက်ကိုဖော်ညွှန်းပုံသည် ဥပဒေအရ ခွင့်ပြုချက်ပေးနိုင်သူတစ် ဦး ချင်းအနေဖြင့် ဆန္ဒအလျောက်သဘောတူညီမှုအဖြစ်သတ်မှတ်ထားသည်။ အသိပေးသဘောတူညီချက်ပေးရန်လူတစ် ဦး ချင်းသည်ကမ်းလှမ်းထားသော ဝ န်ဆောင်မှုများကိုသိရှိနားလည်ရန်နှင့်နားလည်ရန်စွမ်းရည်နှင့်ရင့်ကျက်မှုရှိရမည်။ ခွင့်ပြုချက်ကိုသေချာစေရန်“ အသိပေးထား” ရန်၊ ဝ န်ဆောင်မှုပေးသူသည်အသက်ရှင်ကျန်ရစ်သူအားအောက်ပါအချက်အလက်များကိုပေးရမည် - ထိုသူသည်ရွေးချယ်နိုင်စေရန်ဖြစ်နိုင်သမျှသတင်းအချက်အလက်နှင့်ရွေးချယ်မှုအားလုံး၊ သူ / သူမအနေဖြင့်သူ / သူမ၏သတင်းအချက်အလက်များကိုအခြား ဝ န်ဆောင်မှုများပေးနိုင်သည့်အခြားသူများအားဝေမျှရန်လိုအပ်ကြောင်းအကြောင်းကြားရန်၊ သူနှင့်သူအလုပ်လုပ်သောအခါဘာဖြစ်မည်၊ အကျိုးအမြတ်နှင့် ဝ န်ဆောင်မှုများ၏အန္တရာယ်များ၊ သူ / သူမသည် ဝ န်ဆောင်မှု၏မည်သည့်အစိတ်အပိုင်းကိုမဆိုငြင်းပယ်ပိုင်ခွင့်ရှိသည်၊ နှင့်လျှို့ဝှက်ကန့်သတ်ချက်များ။

[6] IRC တွင်အချက်အလက်များကို လျှို့ဝှက်ထားပေးခြင်းသည် ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ ဝန်ဆောင်မှုများပေးသော ပညာရှင်များနှင့်သက်ဆိုင်သည့် လူ့ကျင့်ဝတ်ဆိုင်ရာ အခြေခံသဘောတရားတစ်ခုဖြစ်သည်။ လျှို့ဝှက်ချက်များကိုထိန်းသိမ်းရန်အတွက် ဝ န်ဆောင်မှုပေးသူများက ဝ န်ဆောင်မှုခံယူသူများနှင့်ပတ်သက်သောသတင်းအချက်အလက်များကိုကာကွယ်ရန်နှင့်ဖောက်သည်ကိစ္စနှင့်ပတ်သက်သောသတင်းအချက်အလက်များကိုငင်းတို့၏ရှင်းလင်းပြတ်သားသောခွင့်ပြုချက်ဖြင့်သာမျှဝေရန်လိုအပ်သည်။ ရေးချထားသော သတင်းအချက်အလက်များအားလျှို့ဝှက်ရာဌာန၌ သော့ခပ်၍ထိန်းသိမ်းထားပြီး အမှုဖိုင်များတွင် အမည်ဖော်၍မရသော သတင်းအချက်လက်များကိုသာ ရေးချထားရန်။ လျှို့ဝှက်ထားမှုကိုထိန်းသိမ်းခြင်းဆိုသည်မှာ ဝ န်ဆောင်မှုပေးသူသည်ကိစ္စရပ်အသေးစိတ်ကိုမိသားစု၊ သူငယ်ချင်းများနှင့်လည်းကောင်း၊ အလွဲသုံးစားမှုကိုမလိုအပ်ဟုယူဆထားသည့်လုပ်ဖော်ကိုင်ဖက်များနှင့်ဘယ်တော့မှမဆွေးနွေးခြင်းကိုဆိုလိုသည်။ ကလေးများနှင့်အလုပ်လုပ်ရာတွင် ယုံကြည်မှုကန့်သတ်ချက်များရှိပါသည်။

၏ကာကွယ်ရေးအတွက် ချဉ်းကပ်ပုံ လေ့ကျင့်ရေးအပိုင်းနှင့်ဆက်သွယ်ရေးများ၏ အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်ရန် လိုအပ်သည်။

- အစီရင်ခံရာတွင်ကျွန်ုပ်တို့၏*ကမ္ဘာ့အစီရင်ခံခြင်း လမ်းညွှန်ချက်များ* နှင့် *ကာကွယ်ခြင်း ကျင့်ဝတ်ဖောက်ဖျက်မှုကို အစီရင်ခံရန် အသက်ရှင်ကျန်သူကို အဓိကထားသည့် ချဉ်းကပ်နည်းတစ်ခုအတွက် IRC လမ်းညွှန်ချက်များကို လိုက်နာသင့်ကြောင်းသတိရပါ*။ ကလေးများအား ချိုးဖောက်ခြင်းများ နှင့်ပတ်သက်သည့် အစီရင်ခံစာများကို လက်ခံရန်နှင့် ပြန့်ပွားရန် နည်းလမ်းနှင့်ပတ်သက်သည့် နောက်ထပ် လမ်းညွှန်ချက်ကို မူဘောင် ကိုင်တွယ်ခြင်း၏ နောက်ဆက်တွဲ ၂ တွင် တွေ့နိုင်ပါသည်။
- အစီရင်ခံသည့် အမှုသည်များအားလုံးသည် အသက်ရှင်ကျန်သူကို အဓိကထားသော ချဉ်းကပ်နည်းလမ်းတစ်ခုကို သုံးကြောင်း သေချာစေရန် ကာကွယ်ခြင်း၊ GE၊ VPRU နှင့် စောင့်ကြည့်အကဲဖြတ်ခြင်းနှင့် လေ့လာခြင်း (MEAL) တို့နှင့်ပတ်သက်၍ လိုအပ်သလို နည်းပညာအထူးကျွမ်းကျင်သူများထံမှ အကူအညီကို ယူပါ။

- စုံစမ်းမေးမြန်း သည့် အဖွဲ့မှ တောင်းဆိုချက်များအားလုံးအပြင် ကျူးလွန်သူဟု စွပ်စွဲခံရသူများ၊ အသက်ရှင်ကျန်သူများ နှင့် လူ့ဒါန်းသူများနှင့် လိုအပ်သော ဆက်သွယ်ရေးများကို ဦးစားပေးတစ်ခုအနေဖြင့် သတိထားကိုင်တွယ်ကြောင်း သေချာစေရန် သတင်းအချက်အလက် စီမံခန့်ခွဲမှု စည်းမျဉ်းများနှင့်လုပ်ထုံးလုပ်နည်းစနစ်တစ်ခုကို တည်ဆောက်ပါ။
  - အသက်ရှင်ကျန်သူများကဲ့သို့သော လူပုဂ္ဂိုလ်တစ်ယောက်ချင်း၏လိုအပ်ချက်များနှင့် အထူးအခြေအနေများ အပေါ်တွင် မူတည်၍ လိုအပ်သလို လိုက်လျောညီထွေဖြစ်အောင် အကြီးတန်းစီမံခန့်ခွဲခြင်းဖြင့် အဆိုပါ ဆက်သွယ်ရေးများအတွက် တာဝန်ခံမှုကို ကြိုတင်ချမှတ်ထားရန် လိုအပ်သည်။
  - ပြည်တွင်း ဥပဒေများသည် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ပုံစံအမျိုးမျိုးကို တာဝန်ခံရန် နှင့် အစီရင်ခံရန် သက်ဆိုင်သောကြောင့် ၎င်းတို့အား ဆန်းစစ်မှုတစ်ခုကို အစီရင်ခံစာများမတိုင်မီ ပြုလုပ်ဆုံးဖြတ်ရန် လိုအပ်သည်။ သို့မှသာ အသက်ရှင်ကျန်သူကို အဓိကထားပြီး အချိန်မီ အကြံပြုချက်များကို ပေးနိုင်မည် ဖြစ်သည်။
  - ပြည်တွင်း ကာကွယ်ခြင်း ခေါင်းဆောင်သူများသည် အဆိုပါ ဆက်သွယ်ရေးများနှင့် နောက်ဆက်တွဲကိစ္စများတွင် အရေးပါသော အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်သင့်ကြောင်း အကြံပြုသည်။

## တုံ့ပြန်ခြင်းနှင့် ထောက်ပံ့ခြင်း ဝန်ဆောင်မှုများ

အကြမ်းဖက်သည့် ကာကွယ်မှု ချိုးဖောက်ခြင်းများ ဖြစ်ပွားပါက IRC သည် အောက်တွင် ဖော်သော အခြား အနည်းဆုံး တုံ့ပြန်ချက် ဝန်ဆောင်မှုများအပြင် အရည်အသွေး၊[7]လိင်အမျိုးအစားနှင့် အသက်ရွယ်အရ သင့်တော်သော ဝန်ဆောင်မှုများ နှင့် ၇၂ နာရီအတွင်း ရနိုင်သော ဆေးဘက်ဆိုင်ရာ စောင့်ရှောက်မှုကို ပေးရန် ပစ္စည်းစုံလင်သော ရုံးခန်းများကို လိုအပ်သည်။

[7] ၇၂ နာရီထက်ပိုစောလျှင် အကောင်းဆုံးဖြစ်ပြီးအချို့သောအခြေအနေများတွင် RAI ပါဝင်ပြီး အမြန်ဆုံးဝန်ဆောင်မှုများရှိနိုင်သည်။

လက်ရှိ ကျန်းမာရေး၊ ကလေးသူငယ်ကာကွယ်မှု နှင့်/သို့မဟုတ် WPE အစီအစဉ်ပိုင်းတို့ရှိသော CRRD ရုံးခန်းများတွင် အဆိုပါ အပိုင်းများသည် အကောင်းဆုံး အလေ့အကျင့်နှင့် အစီအစဉ်ပိုင်းဆိုင်ရာ စံနှုန်းများအပြင် အရည်အသွေးမီသော တုံ့ပြန်ချက် ဝန်ဆောင်မှုများပေးနိုင်ကြောင်း သေချာစေရန် ဦးဆောင်သူများ ဖြစ်သင့်သည်။ ဤတွင် ကျယ်ပြန့်သော အမျိုးအစားလေးမျိုး ပါဝင်သည် - လုံခြုံရေးဆိုင်ရာ၊ ဆေးပညာဆိုင်ရာ၊ လူမှုရေးစိတ်ပညာဆိုင်ရာ နှင့် အချို့သောကိစ္စများတွင် ဥပဒေဆိုင်ရာ ဝန်ဆောင်မှုများ။ ဤဝန်ဆောင်မှုများတစ်ခုစီအတွက် အနည်းဆုံးစံသတ်မှတ်ချက်များ၊ ရှင်းလင်းသော ရည်ညွှန်းသူ လမ်းကြောင်းများ တည်ဆောက်ခြင်းအတွက် နှင့် ဤဝန်ဆောင်မှုများကို ကျွန်ုပ်တို့ မည်ကဲ့သို့ ပေးပို့သည်တို့ကို နောက်ဆက်တွဲ ၃ တွင် အသေးစိတ်ထပ်မံဖော်ပြထားသည်။

ကလေးသူငယ် သို့မဟုတ် WPE ကိစ္စလုပ်ဆောင်သူတို့နှင့် ဆိုင်သည့် ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ သီးခြားကိစ္စရပ်များသည် လိုအပ်သည့် အသက်ရှင်သန်သူတို့အတွက် တုန့်ပြန်ခြင်းနှင့် အထောက်ပံ့ဝန်ဆောင်မှုများကို လိုအပ်သလို ချက်ချက်လုပ်ဆောင်ပေးထားကြောင်းအတည်ပြုရမည်ဖြစ်သည်။ ထိုကဲ့သို့သော ကဏ္ဍမျိုးမရှိလျှင် IRC ထံ၌ အနိမ့်ဆုံးအဆင့်ရှိသော လည်ပတ်လုပ်ဆောင်နေသည့် ထောက်ပံ့ဝန်ဆောင်မှုများရှာဖွေရန်(သို့) အခြားရွေးချယ်စရာနည်းလမ်းများ နှင့် လွှဲပြောင်းရေး လမ်းကြောင်းများ ထပ်မံရှိသေးကြောင်းရှင်းရှင်းလင်းလင်းသေချာအောင်လုပ်ဆောင်ရန်လိုအပ်ပါသည်။

RAI ကဒေသတွင်းအထောက်အပံ့ဝန်ဆောင်မှုများ ရရှိနိုင်စေရန် ရည်ညွှန်းလွှဲပြောင်းရေးလုပ်ငန်းများကို သိသာလွယ်ကူစွာလုပ်ပေးနိုင်သည်။ မည်သို့ပင်ဖြစ်စေ အဆိုပါဝန်ဆောင်မှုများက စာပိုဒ် ၃ တွင် သတ်မှတ်ထားသည့် အနိမ့်ဆုံး အဆင့်အတန်းများကို လိုက်နာ၍ ကျွန်ုပ်တို့၏ CRRD နိုင်ငံအလိုက် ပရိုဂရမ်များအတွင်းရှိ ဝန်ဆောင်မှုပိုင်းဆိုင်ရာ လစ်ဟာချက်များကို ကိုင်တွယ်ရန် အထူးဖန်တီးထားချိန်၌ အလေ့အထကောင်းများ နှင့် တပြေးညီဖြစ်သည့် ရှင်းလင်းပြတ်သားသည့်အဆင့်အတန်းတစ်ခု တည်ထောင်ပေးရန်ဖြစ်သည်။ RAI အတွင်း၌ပင် ကျွန်ုပ်တို့အနေဖြင့် ဘေးကင်းလုံခြုံရေး၊ ဆေးဖက်ဆိုင်ရာ၊ စိတ်လူမှုပိုင်းဆိုင်ရာ နှင့် အချို့သော ကိစ္စများတွက် ဥပဒေရေးရာဝန်ဆောင်မှုများ ရရှိအောင် လုပ်ပေးရန်အပြင် ရှင်းလင်းပြတ်သားသည့် ရည်ညွှန်းလွှဲပြောင်းရေး နည်းလမ်းများကို ကြိုတင်တည်ထောင်ထားရန် လိုအပ်ပါလိမ့်မည်။

- ခြုံငုံလေ့လာခြင်းကိုအဆင့်မြင့်တင်ခြင် သို့မဟုတ် သင့်လျှော်သည့်ဝန်ဆောင်မှုအစီအစဉ်ဖော်ပြချင်များ သို့မဟုတ် ကာကွယ်စောင့်လျှောက်ခြင်းဆိုင်ရာချိုးဖောက်မှုများမဖြစ်ပေါ် မှီရရှိနိုင်ရန်ဖြစ်သည်။
  - IRC ၏ CRRD အမြန်ဝန်ဆောင်မှု မြေပုံဆွဲကိရိယာ သို့မဟုတ် အလားတူ မြေပုံဆွဲကိရိယာများ အသုံးပြုရန် လိုအပ်ပါသည်။ လုပ်ငန်းလည်ပတ်မှုဆိုင်ရာအကြောင်းချင်းရာအတွင်း အပြောင်းအလဲများရှိပါက လွတ်မြောက်သူများ နှင့် ၎င်းတို့အား ထောက်ပံ့သူများအနေဖြင့် ယင်းတို့ကို လက်လှမ်းယူရန် လိုအပ်ချိန်တွင် အဆိုပါဝန်ဆောင်မှုများ ရှိနေကြောင်းသေချာစေရန် ဝန်ဆောင်မှုဆန်းစစ်ချက်များကို ထပ်မံလုပ်ဆောင်သင့်ပါသည်။
  - CRRD အတွက် -

- IRC ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး၊ ကျန်းမာရေး သို့မဟုတ် WPF ဝန်ဆောင်မှုများ မရှိသည့်နေရာ၊ အနီးဆုံးတူညီသည့် ပြင်ပဝန်ဆောင်မှုများမရှိပါက သို့မဟုတ် အရည်အသွေးမပြည့်ဝသည့်နေရာတွင် အတွင်းပိုင်း ကျွမ်းကျင်ပညာရှင်များကို ခေါ်ယူရန် နှင့်/သို့မဟုတ် ပြင်ပဝန်ဆောင်မှု ပံ့ပိုးသူများ၏ စွမ်းရည်ကို အားဖြည့်ပေးရန် စီမံကိန်းများ အသားကျနေရန် လိုအပ်ပါသည်။
- လုံခြုံရေး ကာကွယ်စောင့်ရှောက်မှုပိုင်း ချိုးဖောက်မှုများမှ လွတ်မြောက်သူများနှင့် အလုပ်လုပ်ရန် အမှုကိုင်ဝန်ထမ်းများကို ကြိုတင်ခွဲခြားသတ်မှတ်ရန် လိုအပ်ပြီး အဆိုပါသူများမှာ ရှိလက်စ ကလေးသူငယ် ကာကွယ်ရေး သို့မဟုတ် WPF ဝန်ထမ်း၊ ကလေးသူငယ် ကာကွယ်ရေး နှင့် WPF ပရိုဂရမ်မရှိပါက အခြား IRC ဝန်ထမ်း၊ သို့မဟုတ် ပြင်ပ ဝန်ဆောင်မှုပေးသူများ ဖြစ်နိုင်ပါသည်။ အခြား IRC ဝန်ထမ်း သို့မဟုတ် ပြင်ပဝန်ဆောင်မှုပေးအပ်သူများ ဖြစ်သည့်အနေအထားတွင် ၎င်းတို့အား သင့်တင့်လျောက်ပတ်သည့် သင်တန်းပို့ချမှုများ ပေးရန် လိုအပ်ပါလိမ့်မည်။
- IRC အားစွပ်စွဲမှုတစ်ခုပြုလုပ်သည့် လွတ်မြောက်သူတစ်ဦးသည် ယင်းအဖွဲ့အစည်းထံမှ ဝန်ဆောင်မှုများ လက်ခံရရှိရန် စိတ်သက်တောင့်သက်သာမရှိသည့် ဖြစ်ရပ်၌ တတ်နိုင်သည့်နေရာတွင် ရည်ညွှန်းလွှဲပြောင်းသည့် လမ်းကြောင်းတွင်း IRC နှင့် မဆက်နွယ်သည့် လှုပ်ရှားသူများအတွက် အချက်အလက်လည်းထည့်သွင်းရန် အကြံပြုတိုက်တွန်းပါသည်။ ၎င်းတို့အတွက် စိတ်သက်တောင့်သက်သာအရှိဆုံးဖြစ်သော မည်သည့် အဖွဲ့အစည်း သို့မဟုတ် ဝန်ဆောင်မှုများထံမှ အထောက်အပံ့လက်လှမ်းယူမည်ဆိုသည်ကို လွတ်မြောက်သူမှ ဆုံးဖြတ်သင့်သည်။

○ RAI အတွက် -

- ၎င်းအတွင်းတွင် ယေဘုယျအားဖြင့် ပြင်ပဝန်ဆောင်မှုများသို့ ရည်ညွှန်းလွှဲပြောင်းမှုများ ပါဝင်ပါသည်။ ယူအက်စ်တွင် ရရှိနိုင်သော ဝန်ဆောင်မှုများက ကျွန်ုပ်တို့၏လိုအပ်ချက်များအတိုင်း လိုက်မှီရန် အရည်အသွေးအလုံအလောက်ရှိနိုင်သည် ထင်မြင်ယူဆချက်တစ်ခု ရှိနိုင်ချိန်တွင် ဝန်ဆောင်မှုများမှ ထောက်ကူသော ဘာသာစကားကဲ့သို့သောအရာများအပေါ် ရောင်ပြန်ဟပ်ရန် နှင့် ထိခိုက်ဒဏ်ရာရရှိသည့် ဒုက္ခသည်များနှင့် ဆက်ဆံရာတွင် ၎င်းတို့ထံ၌ အတွေ့အကြုံရှိမရှိကလည်း အရေးကြီးသည်။

○ ဒေသန္တရ ရုံးများအနေဖြင့် IRC ဝန်ထမ်း၊ အပိုဆု၊ အခါအားလျော်စွာ၊ စာချုပ် သို့မဟုတ် နေ့စားအလုပ်သမားများ၊ နှင့် စေတနာ့ဝန်ထမ်းများအနေဖြင့် လုံခြုံရေးကာကွယ်စောင့်ရှောက်မှု ချိုးဖောက်မှုတစ်ခုအကြောင်း တိုင်ကြားအစီရင်ခံမှုတစ်ခု လက်ခံရရှိသောအခါတွင် သို့မဟုတ် ၎င်းတို့က လုံခြုံရေးကာကွယ်စောင့်ရှောက်မှုပိုင်း ချိုးဖောက်မှုများကြောင့် ထိခိုက်ခံရသူများအား

တနည်းအားဖြင့် ထောက်ပံ့သောအခါ၌ ၄င်းတို့အား အထောက်အပံ့ဝန်ဆောင်မှု ပုံစံအမျိုးမျိုးသို့ အလှမ်းမှီမှု ပေးအပ်ရန်လည်း အကြံပေးတိုက်တွန်းပါသည်။

- ○ တုံ့ပြန်သည့်ဝန်ဆောင်မှုများကို ခွဲခြားသတ်မှတ်ရာတွင် နှင့် တည်ထောင်ရာတွင် လမ်းညွှန်ပေးရန် ကျန်းမာရေး၊ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး နှင့်/သို့မဟုတ် WPF နည်းပညာအကြံပေးများထံမှ အထောက်အပံ့များ ရှာဖွေတောင်းခံပါ။

## လေ့လာသင်ယူခြင်း နှင့် တန်ပြန်ရေးလုပ်ငန်းစဉ်

လုံခြုံရေးကာကွယ်စောင့်ရှောက်မှုပိုင်း ချိုးဖောက်မှုအားလုံးကို အစီရင်ခံအပြီးတွင် သခ်န်းစာများ နှင့် ကျန်ရှိနေသောလစ်ဟာချက်များကို ဖမ်းမိသိရှိရန် လေ့လာသင်ယူရေးလုပ်ငန်းစဉ်တစ်ခုကို လုပ်ဆောင်ရမည်။ ယင်းက ကျွန်ုပ်၏တို့၏ တုံ့ပြန်ချက်ကို ထပ်ဆောင်း နောက်ကြောင်းပြန်ခြင်း သို့မဟုတ် ကျန်ုပ်တို့၏ လွတ်မြောက်သူ ဗဟိုပြုချဉ်းကပ်မှုအပေါ် တန်ပြန်ခြင်း ပါဝင်နိုင်ပါသည်။ ECU အပြီး စုံစမ်းစစ်ဆေးမှုမှ အကြံပြုတိုက်တွန်းချက်များလည်း ပါဝင်နိုင်ပါသည်။ ယင်းအား လုပ်ဆောင်ရန် အန္တရာယ်ကင်းရှင်းသောနေရာတွင် IRC အနေဖြင့် လုံခြုံရေးကာကွယ်စောင့်ရှောက်မှုပိုင်း ချိုးဖောက်မှုများကို ကောင်းသထက်ကောင်းအောင် မည်သို့ တုံ့ပြန်နိုင်ကြောင်း သုံးစွဲသူလူထုထံမှ ဖြည့်သွင်းချက်များကို စုဆောင်းသင့်ပါသည်။

လှုပ်ရှားမှုစီမံကိန်းများကို စုဆောင်းရရှိသော အချက်အလက်များပေါ်မူတည် ဖန်တီးရမည်ဖြစ်ပြီး ခွဲခြားဖော်ပြထားသော ကိစ္စရပ်များမှတစ်ခုခုကို ကိုင်တွယ်ရန် အကောင်အထည်ဖော်ပါသည်။ အကယ်၍ အမှားအယွင်းများက အမှတ်တမဲ့ဖြစ်လျှင်တောင်မှ ယင်းတို့မှ လေ့လာသင်ယူခြင်းသည် အဖွဲ့အစည်းတစ်ခုအနေဖြင့် တိုးတက်ထွန်းကားရန် မရှိမဖြစ်အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်သည်။

- ○ လုံခြုံရေးကာကွယ်စောင့်ရှောက်မှုပိုင်း ချိုးဖောက်မှုတစ်ခုကို အစီရင်ခံတိုင်ကြားခဲ့ပြီး စုံစမ်းစစ်ဆေးပြီးချိန်တွင် သင်ယူရရှိခဲ့သော ပုံမှန်သခ်န်းစာ နှင့် တုံ့ပြန်ရေးလုပ်ငန်းစဉ် အတွက် စီမံကိန်းတစ်ခု ဖော်ထုတ်ပါ။
    - ○ ယင်းသို့သော လုပ်ငန်းစဉ်တစ်ခုကို အကြီးတန်း စီမံခန့်ခွဲရေးမှ ဦးဆောင်ရန် တိုက်တွန်းအကြံပြုပါသည်။ ယင်းတွင် လုံခြုံရေးကာကွယ်စောင့်ရှောက်မှု ဦးစီးဦးဆောင်များ ပါဝင်သင့်သည်။
    - ○ လေ့လာသင်ယူရေး နှင့် တုံ့ပြန်ရေးလုပ်ငန်းစဉ်အတွင်း ဒေသဆိုင်ရာ နည်းပညာဝန်ထမ်း နှင့် သုံးစွဲသူများထံမှ ဝေဖန်အကြံပြုချက် ပါဝင်စေရန် တိုက်တွန်းအကြံပြုပါသည်။
    - ○ ယင်းက အဓိပ္ပါယ်ပြည့်ဝသည့်လုပ်ငန်းစဉ်တစ်ခုဖြစ်ကြောင်း သေချာစေရန် အကြီးတန်း စီမံခန့်ခွဲမှုအနေဖြင့် ယန္တရားများဖော်ထုတ်ရန် တိုက်တွန်းအကြံပြုပါသည်။

# ကြည့်ရှုစစ်ဆေးရန်စာရင်း

**ကာကွယ်တားဆီးရေးနှင့် ပြင်ဆင်ရေး**

- အနည်းဆုံး အကြီးတန်းစီမံခန့်ခွဲရေး အဖွဲ့ဝင်နှစ်ဦးကို လုံခြုံရေးကာကွယ်စောင့်ရှောက်မှု ဦးစီးဦးဆောင်များအဖြစ် ခန့်အပ်ကြောင်း ဒေသန္တရရုံးတစ်ခုစီက သေချာစေပါသည်။
- IRC ဝန်ထမ်း၊ ဆုကြေးဖြင့်၊ အခါအားလျော်စွာ၊ စာချုပ်ဖြင့်လုပ်သူများ၊ နေ့စားအလုပ်သမားများ၊ စေတနာ့ဝန်ထမ်းများ၊ လက်တွဲလုပ်ဖော်များ၊ ကုန်စည်ရောင်းချသူများ နှင့် အခြားတွဲဖော်တွဲဖက်များအနေဖြင့် ဆီလျော်သည့် အပြုအမူပိုင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ နှင့် ဒေသဆိုင်ရာ ပုံမှန်လည်ပတ်ရေးလုပ်ထုံးလုပ်နည်း (SOP) များအတွက် အလုံးစုံနားလည်မှုတစ်ခု ရှိရပါမည်။
- IRC သုံးစွဲသူများ - ကလေးများ နှင့် လူကြီးများ - တွင် ဆီလျော်သည့် အပြုအမူပိုင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ နှင့် ဒေသဆိုင်ရာ ပုံမှန်လည်ရေး လုပ်ထုံးလုပ်နည်း (SOP) များအတွက် အလုံးစုံနားလည်မှုတစ်ခုရှိပြီး နောက်ခံအကြောင်းအရာနှင့် ဆက်စပ်ကာ ၎င်းတို့၏ စာတတ်မြောက်မှုအဆင့် နှင့် နားလည်သဘောပေါက်မှုရှိသလို ဘာသာပြန်ပါသည်။
- အကြီးတန်းစီမံခန့်ခွဲရေးက SOP ရှိကြောင်း နှင့် ယင်းပါ အကြောင်းအရာများ နှင့် ဆီလျော်သောအပြုအမူပိုင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများအကြောင်းကို ဝန်ထမ်းများနှင့် ပုံမှန်ပြောဆိုဆက်သွယ်ပါသည်။
- IRC ဝန်ထမ်း၊ ဆုကြေးဖြင့်၊ အခါအားလျော်စွာ၊ စာချုပ်ဖြင့် အလုပ်လုပ်သူ သို့မဟုတ် နေ့စားအလုပ်သမားများ နှင့် စေတနာ့ဝန်ထမ်းများအနေဖြင့် လုံခြုံရေးကာကွယ်စောင့်ရှောက်မှု နှင့်စပ်လျဉ်းသည့် ပုံမှန်နောက်ဆုံးပေါ်သင်တန်းများ အလှမ်းမှီ ရရှိပါသည်။

**အစီရင်ခံခြင်း**

- IRC စီမံကိန်းဆွဲခြင်း၊ သမာဓိ ချိုးဖောက်မှုများ၊ သို့မဟုတ် လုံခြုံရေးကာကွယ်စောင့်ရှောက်မှုပိုင်း ချိုးဖောက်မှုများနှင့် စပ်လျဉ်းသော မည်သည့်တိုင်းကြားချက်ပုံစံမဆိုကို အစီရင်ခံတင်သွင်းရန် သုံးစွဲသူများ ဦးစားပေးသည့် နည်းလမ်းများကို ဖမ်းယူရရှိရန် သုံးစွဲသူလူထုအား ဆန်းစစ်သုံးသပ်ခြင်းကို ပြုလုပ်ပါသည်။
- ကာကွယ်ရေး စီမံကိန်းရေးဆွဲခြင်းမှတဆင့် လက်ရှိ အစီရင်ခံတင်သွင်းရေး ယန္တရားများကို အားဖြည့်ပေးပြီး အစီရင်ခံရေး ယန္တရားသစ်ကို သုံးစွဲသူလူထုအား ဆန်းစစ်သုံးသပ်ချက်အတွင်း ခွဲခြားဖော်ထုတ်ခဲ့သည့် ကွဲပြားသောလိုအပ်ချက်များဖြင့် တပြေးညီဖြစ်အောင် ဒီဇိုင်းထုတ်ထားကာ ဖြန့်ချိပါသည်။
- သုံးစွဲသူများအနေဖြင့် မည်သို့ အစီရင်ခံတင်သွင်းနိုင်ပုံအကြောင်း စာရွက်စာတမ်းများ၊ အသံ ၊ နှင့် ဗွီဒီယို (ဆီလျော်သလို နှင့် ဘတ်ဂျက် ခွင့်ပြုသလို) နှင့် ယဉ်ကျေးမှုထုံးတမ်းစဉ်လာဖြင့် ဆီလျော်ကိုက်ညီသည့် နည်းလမ်းများတွင်း ဆက်သွယ်ပြောဆိုမှုများကို အလွယ်တကူရရှိနိုင်ပြီး ဖြစ်ပါသည်။

- အစီရင်ခံစာများ စုဆောင်းရန် နှင့် အစီရင်ခံသည့်စနစ် ထိရောက်မှုရှိမရှိကို စစ်ဆေးရန် ပုံမှန် ဝေဖန်အကြံပြုချက် ဆက်ရှင်များကို သုံးစွဲသူလူထုဖြင့် ပြုလုပ် ကျင်းပပါသည်။

**အစီရင်ခံစာ တစ်ဆင့်ပြီးတစ်ဆင့်တက်ခြင်း နှင့် စုံစမ်းစစ်ဆေးရေး လုပ်ငန်းစဉ်**

- IRC ဝန်ထမ်း၊ ဆုကြေးဖြင့်၊ အခါအားလျော်စွာ၊ စာချုပ်ဖြင့် အလုပ်လုပ်သူများ၊ သို့မဟုတ် နေ့စားအလုပ်သမားများ၊ စေတနာ့ဝန်ထမ်းများ၊ မိတ်ဖက်များ၊ ကုန်စည်ရောင်းချသူများ သို့မဟုတ် အခြား မိတ်ဖက်များက အစီရင်ခံခဲ့သော သို့မဟုတ် သုံးစွဲသူအပေါ် လုံခြုံရေးကာကွယ်စောင့်ရှောက်မှုပိုင်း ချိုးဖောက်မှုဆိုင်ရာ သီးခြားဖြစ်ရပ်ကို *ကမ္ဘာလုံးဆိုင်ရာ အစီရင်ခံရေး လမ်းညွှန်* အတိုင်း မည်သို့ တစ်ဆင့်ပြီးတစ်ဆင့် တက်ရသည်ကို သိရှိပါသည်။
- သုံးစွဲသူများအား လွတ်မြောက်သူ ဗဟိုပြုမှုနည်းလမ်းများဖြင့် တုံ့ပြန်မှုကို နားလည်သဘောပေါက်ပြီး လိုက်နာပါသည်။ ကလေးငယ်များပါဝင်သော မည်သည့် စွပ်စွဲမှုမဆိုကို မလုပ်မဖြစ် အစီရင်ခံမှုပါဝင်ပါသည်။
- စုံစမ်းစစ်ဆေးမှု၏ရလဒ် နှင့် အရေးယူမည့်လုပ်ဆောင်ချက်များနှင့်ပတ်သက်ပြီး စွပ်စွဲခံခဲ့ရသော ပြစ်မှုကျူးလွန်သူ နှင့် လွတ်မြောက်သူတို့ဖြင့် ဆက်သွယ်ပြောဆိုမှုများအပါအဝင် စုံစမ်းစစ်ဆေးရေးအဖွဲ့မှ ပြုခဲ့သော တောင်းဆိုမှုအားလုံးကို ဒေသန္တရအဖွဲ့၏ အကောင်းဆုံးစွမ်းဆောင်ရည်ဖြင့် အပြည့်အဝ ပူးပေါင်းလုပ်ဆောင်ပါ။
- လုံခြုံရေးကာကွယ်စောင့်ရှောက်မှုပိုင်း ချိုးဖောက်မှုများဆိုင်ရာ အစီရင်ခံစာများကို တုံ့ပြန်ပြီး စုံစမ်းစစ်ဆေးမှုများနှင့် အရေးယူလုပ်ဆောင်ချက်များနှင့် စပ်လျဉ်းပြီး အလှူရှင်များနှင့် သင့်လျော်သလို လက်တွဲညီညာလုပ်ဆောင်ကာ ပြောဆိုဆက်သွယ်ပါ။
- ဒေသန္တရရုံးများတွင် သတင်းအချက်အလက်စီမံခန့်ခွဲရေးစနစ်တစ်ခု နှင့် အချက်အလက်ကာကွယ်ရေးလုပ်ထုံးလုပ်နည်းများ နေရာတကျ ရှိထားရမည်။

**ပြန်ကြားရေး နှင့် ထောက်ပံ့ရေး ဝန်ဆောင်မှုများ**

- ဒေသန္တရရုံးများတွင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့ (IRC) မှ ချမှတ်ထားသည့် အနိမ့်ဆုံးစံနှုန်းများနှင့် ကိုက်ညီသော လွှဲပြောင်းရေးလမ်းကြောင်းများ နှင့် သတင်းအချက်အလက်စီမံခန့်ခွဲရေး လုပ်ထုံးလုပ်နည်းများအပါအဝင် အချိန်နှင့်တပြေးညီရှိသည့် ဝန်ဆောင်မှုအဆင့်ဆင့်ပြမြေပုံကို နေရာတကျ ရှိထားရမည်။
- ဒေသန္တရ ရုံးများက အမှုကိုင်ဝန်ထမ်းများကို ခန့်အပ်ပြီး အနိမ့်ဆုံးဝန်ဆောင်မှုများကို နေရာတကျရှိစေရမည် သို့မဟုတ် အဖွဲ့အစည်းတွင်း လုပ်ဆောင်နိုင်စွမ်းရည်ကို ယူဆောင်ပေးရန်စီမံကိန်းများ သို့မဟုတ် ပြင်ပမှ ဝန်ဆောင်မှုပေးအပ်သူများအား လိုအပ်သလို စွမ်းရည်အားဖြည့်ပေးမှု အပါအဝင် အသက်ရှင်ကျန်ရစ်သူများအား အနိမ့်ဆုံးအရည်အသွေးစံနှုန်းနှင့် ပြည့်မှီသည့် အမှုစီမံခန့်ခွဲရေးဝန်ဆောင်မှုများရရှိရန် လွှဲပြောင်းပေးနိုင်စွမ်းရှိရမည်။

**လေ့လာသင်ယူခြင်း နှင့် တွေးတောစဉ်းစားခြင်း လုပ်ငန်းစဉ်**

- လုံခြုံရေးကာကွယ်စောင့်ရှောက်မှုပိုင်း ချိုးဖောက်မှုဆိုင်ရာ အစီရင်ခံမှုတစ်ခုအပြီးတွင် သင်ယူရရှိခဲ့သောသင်ခန်းစာများ နှင့် ကျန်ရှိနေသော လစ်ဟချက်များကို အကြီးတန်းစီမံခန့်ခွဲရေးမှ မှတ်တမ်းတင်ခဲ့ပါသည်။

- ဒေသန္တရရုံးများက ECU၊  နည်းပညာဆိုင်ရာ ဝန်ထမ်း၊ သုံးစွဲသူများ သို့မဟုတ် အခြားအရေးပါပုဂ္ဂိုလ်များမှ ပြုလုပ်ခဲ့သော အကြံပြုတိုက်တွန်းချက်များကို အကောင်အထည် ဖော်ပါသည်။

# နောက်ဆက်တွဲ ၁

**ကာကွယ်စောင့်ရှောက်ရေး ဦးစီးများ အတွက် အဆိုပြုထားသော TOR သတ်မှတ်ချက်များ**

<u>ရည်ရွယ်ချက် -</u>

ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများ တစ်သမတ်တည်းရှိရန် နှင့် အခြေအနေတိုးတက်မှုရှိကြောင်းသေချာစေရန် ဒေသတွင်းရုံးများမှ ကာကွယ်စောင့်ရှောက်ရေး ဦးစီးများ ခန့်ထားပေးရန် လိုအပ်သည်။ ဤအလုပ်တာဝန်ရာထူးသည် အချိန်ပြည့်မဟုတ်ပါ။ ဦးစီးသူများသည် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းစဉ်များတွင် ဆက်သွယ်သူများအနေဖြင့် ရပ်တည်ပြီး ထိုလုပ်ငန်းစဉ်များကို စုပေါင်းခြုံငုံဖော်ပြမှုတွင် ဖြည့်စွက်ပေးရန် နှင့် လိုအပ်သလို ကာကွယ်စောင့်ရှောက်မှု လမ်းညွှန်ချက်၊ နမူနာများ၊ လေ့ကျင့်မှုများ သို့မဟုတ် အခြား သင်ထောက်ကူပစ္စည်းများ ပေးဝေခြင်းများတွင် ကူညီပါလိမ့်မည်။

ကာကွယ်စောင့်ရှောက်ရေး ဦးစီးများခန့်ထားရေးသည် ဒေသခံအကြီးတန်းစီမံအုပ်ချုပ်သူများ၏ ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းစဉ်များအကောင်အထည်ဖော်ရာတွင် ဦးစီးမှုနှင့် တာဝန်ဝတ္တရားတို့ကို လျှော့ချ သို့မဟုတ် ဖယ်ရှားမည် မဟုတ်ပါ။

<u>အဓိကတာဝန်များ -</u>

ဤတာဝန်များကို ကာကွယ်စောင့်ရှောက်ရေး ဦးစီးများ ကမျှဝေယူနိုင်ပြီး အချိန်နှင့်အမျှ ပြောင်းလဲနိုင်သည်-

- ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်း အင်အား၊ ဒေသတွင်း ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများအတွက် နောက်ဆုံးထွက်သတင်း နှင့် အချက်အလက်များရယူရန်အတွက် ကာကွယ်စောင့်ရှောက်ရေး ညွှန်ကြားရေးမှူး သို့မဟုတ် အခြားသူများအတွက် စတင်ဆက်သွယ်သူအဖြစ် လုပ်ဆောင်ရန်၊
- နိုင်ငံအဆင့်/သို့မဟုတ် ကမ္ဘာ့အဆင့်တွင် ကာကွယ်စောင့်ရှောက်ရေး မူဝါဒများ နှင့် လှုပ်ရှားမှုများလုပ်ရာ၌ ဒေသတွင်း အစီအစဉ်ဝန်ထမ်းများ မေးခွန်းများမေးရန် သို့မဟုတ် အကူအညီပေးရန် စတင်ဆက်သွယ်သူအဖြစ် လုပ်ဆောင်ရန်၊
- ကာကွယ်စောင့်ရှောက်ရေးလမ်းစဉ် လမ်းညွှန်ချက်၊ နမူနာများ၊ လေ့ကျင့်မှုများ သို့မဟုတ် အခြား သင်ထောက်ကူပစ္စည်းများအား စုပေါင်းခြုံငုံဖော်ပြခြင်းနှင့် ဒေသအလိုက်ပြင်ဆင်ခြင်းတို့တွင် လိုသလို ပါဝင်ရန် နှင့်
- ကာကွယ်စောင့်ရှောက်မှု လမ်းညွှန်ချက်၊ နမူနာများ၊ လေ့ကျင့်မှုများ (သို့မဟုတ်) အခြား သင်ထောက်ကူပစ္စည်းများ ထုတ်ပြန်ခြင်း သို့မဟုတ် ဖြန့်ဝေခြင်းတို့တွင်လိုအပ်သလို ကူညီရန်။

<u>အချိန်ရာခိုင်နှုန်း-</u>

၄င်းတို့အတွက် အကြံပြုထားသော အချိန်ရာခိုင်နှုန်းမှာ ၅% မှ ၁၀% ဖြစ်သည်။

<u>ဒေသန္တရရုံးအတွက် လိုအပ်ချက်များ-</u>

အနည်းဆုံး အမျိုးသမီးဦးစီးတစ်ဦး ပါဝင်ရမည်ဖြစ်ပြီး အခြေအနေတိုင်းတွင် ကျား၊မ ဦးရေညီမျှရန်သည် အဓိကရည်မှန်းချက်ဖြစ်သည်။
ဖြစ်နိုင်သရွေ့ ဦးစီးသူများသည် ဒေသခံဖြစ်သင့်ပြီး ဒေသခံလူထုအတွင်း မတူကွဲပြားခြားနားမှုတို့ကို ကိုယ်စားပြုရမည်။

<u>အရည်အသွေးများ-</u>

ကာကွယ်စောင့်ရှောက်ရေး ဦးစီးကောင်းများတွင်အောက်ပါ အရည်အသွေးများ ရှိသင့်သည်-

- ဆက်ဆံရေးတွင် ကျွမ်းကျင်မှုရှိခြင်း၊
- လွတ်မြောက်လာသူများအတွက် စာနာထောက်ထားမှုနှင့် ဂရုဏာထားနိုင်ခြင်း၊
- လျှို့ဝှက်သိုသိပ်မှုကို နားလည်ခြင်း၊
- ကာကွယ်စောင့်ရှောက်မှု နှင့်ပတ်သက်၍ အခြေခံသဘောတရားကို နားလည်ခြင်း၊
- အမှုသည်များနှင့် ဝန်ထမ်းများအား ကာကွယ်စောင့်ရှောက်ရေး သေချာစေရန် အတွက် ကတိကဝတ်နှင့် စိတ်အားထက်သန်မှု ရှိခြင်း၊
- ဝန်ထမ်းများနှင့် အမှုသည်များ၏ ယုံကြည်မှုရရှိထားခြင်း။

# နောက်ဆက်တွဲ ၂

## ကာကွယ်စောင့်ရှောက်ရေးချိုးဖောက်မှုမှ လွတ်မြောက်သူ ကလေးသူငယ်များနှင့် စကားပြောဆိုရန်အတွက် အကြံဉာဏ်များနှင့် သတင်းအချက်အလက်

ယင်းသို့သော နောက်ခံအမျိုးမျိုးမှလာသည့် အမှုသည်များအား ဒဏ်ရာပြန်လည်စွမိသည့် သက်ရောက်မှုရှိနိုင်သည့်အတွက် လွတ်မြောက်လာသည့် ကလေးသူငယ်များနှင့် အပြန်အလှန်ဆက်သွယ်ရန် မည်သည့် ချဉ်းကပ်မှုမဆိုတွင် ယဉ်ကျေးမှု နှင့် လူမှုရေးဆိုင်ရာ ခေါင်ဝေါသတ်မှတ်ချက်များကို ထည့်သွင်းစဉ်းစားရမည်။

တွဲပါသည့် PPT တွင်ကြည့်ပါ[8] ယင်းက အောက်ပါတို့အတွက် ကျယ်ပြန့်ပြီး အသေးစိတ်ကျသည့် သတင်းအချက်အလက် နှင့် လမ်းညွှန်များ ပေးအပ်ပါသည် -

- ကလေးများသူငယ်များအပေါ် အလွဲသုံးစားလုပ်မှုကို နားလည်သဘောပေါက်ခြင်း - ဆလိုက် ၁-၁၅။ အဆိုပါ ဆလိုက်များသည် ကလေးသူငယ်များအပေါ် အလွဲသုံးစားလုပ်မှုပုံစံအမျိုးမျိုးအတွက် အဓိပ္ပါယ်သတ်မှတ်ချက်၊ ပြင်ဆင်ရေးဆိုင်ရာ မှတ်ချက်တစ်ခု၊ အလွဲသုံးစားလုပ်မှုအပေါ် ခြုံငုံကြည့်ရှုမှုတစ်ခု ပေးအပ်ပါသည်
- ဖွင့်ဟဖော်ထုတ်ခြင်းအပေါ် နားလည်သဘောပေါက်မှု - ဆလိုက် ၁၆ -၂၁။ အဆိုပါဆလိုက်များသည် ဖွင့်ဟဖော်ထုတ်မှု၊ စောင့်ရှောက်မှုပေးသူများအပေါ် သက်ရောက်မှု၊ ကလေးသူငယ်ကျွမ်းဝင်သည့် လိုအပ်သော သဘောထားများ နှင့် ဝန်ဆောင်မှုပေးအပ်သူ၏ ယုံကြည်ချက်များဆိုင်ရာ အချက်အလက်များ ပေးအပ်ပါသည်
- အခြေခံလမ်းညွှန်မှုများနှင့် အဓိကပြဿနာများကို နားလည်သဘောပေါက်ခြင်း - ဆလိုက် ၂၂ -၃၇။ အဆိုပါဆလိုက်များက မလုပ်မဖြစ်အစီရင်ခံမှု၊ လျှို့ဝှက်သိုသိပ်ရမည့် လုပ်ထုံးလုပ်နည်းများ နှင့် ကလေးအတွက် အကောင်းဆုံးအကျိုးကျေးဇူးရှိကြောင်း သေချာစေရန်အတွက် အခြေခံလမ်းညွှန်များ နှင့် အရေးကြီးသောအကြောင်းအရာများအပေါ် ခြုံငုံကြည့်ရှုမှုတစ်ခု ပေးပါသည်။
- လွတ်မြောက်သူကလေးငယ်များနှင့် ဆက်သွယ်ပြောဆိုမှုကောင်းတစ်ခု၏ အရေးကြီးပုံကို နားလည်သဘောပေါက်ခြင်း - ဆလိုက် ၃၈ -၈၁။ အဆိုပါဆလိုက်များက ကူညီပေးသည့်ဆက်ဆံမှု၊ ပြောဆိုဆက်သွယ်ရေးဆိုင်ရာ အလေ့အထကောင်း၊ နှုတ်ဖြင့်မဟုတ်သည့် နည်းလမ်းများ အသုံးပြုမှု၊ နမူနာ ရေးသားချက်များ၊ အသက်အရွယ်အမျိုးမျိုးရှိသည့် ကလေးများနှင့် မသန်စွမ်းမှုရှိသည့် ကလေးများကို အင်တာဗျူးရန်အတွက် လမ်းညွှန်များ၊ စကားမပြောသည့်အခါ သို့မဟုတ် အလွဲသုံးစားမှုကို ငြင်းဆန်သောအခါ ဘာပြုလုပ်ရမည်ဆိုသည်ကို ဖော်ထုတ်တည်ထောင်ရန်အတွက် အချက်အလက်များ ပေးအပ်ပါသည်

---

[8] ၎င်းကိုအောက်ပါတို့မှရယူသည် - ဖြစ်ရပ်စီမံခန့်ခွဲမှုနှင့်ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးအတွက် အစိုးရများအကြားလမ်းညွှန်ချက်များ http://www.cpcnetwork.org/wp-content/uploads/2014/08/CM_guidelines_ENG_.pdf နှင့် လိင်ပိုင်းဆိုင်ရာ အလွဲသုံးစားလုပ်မှုမှ အသက်ရှင်ကျန်ရစ်သူကလေးများ အတွက်စောင့်ရှောက်မှု https://gbvresponders.org/response/caring-child-survivors/

- အမှုကိစ္စ စီမံခန့်ခွဲမှုအပေါ် နားလည်သဘောပေါက်မှု - ဆလိုက် ၈၂ -၁၄၆ - အဆိုပါဆလိုက်များက မိတ်ဆက် နှင့် စေ့စပ်ဆက်သွယ်မှု၊ ရယူပြီး ဆန်းစစ်မှု၊ အမှု တုံ့ပြန်လုပ်ဆောင်ရေး စီမံကိန်း၊ အမှုစီမံကိန်း အကောင်အထည်ဖော်ရေး၊ အမှု နောက်ဆက်တွဲလိုက်မှု နှင့် အမှု ပိတ်ခြင်းအပါအဝင် အမှုစီမံခန့်ခွဲရေးအဆင့်များအတွက် အချက်အလက်နှင့်လမ်းညွှန် ပေးအပ်ပါသည်
- ကလေးသူငယ်များအတွက် လူမှုစိတ်ပိုင်းဆိုင်ရာ စွက်ဖက်ဝင်ရောက်မှုအပေါ် နားလည်သဘောပေါက်မှု – ဆလိုက် ၁၄၇ -၁၅၂ - ယင်းဆလိုက်များက ကုစားရေးပညာပေးမှု၊ စိတ်လျှော့အနားယူရေး လေ့ကျင့်သင်ကြားမှု ပေးအပ်ခြင်း၊ ကျွမ်းကျင်မှု အလိုက်အထိုက်နေထိုင်မှု နှင့်ပြဿနာဖြေရှင်းပေးသည်

လုပ်ဖော်ကိုင်ဖက်များ၊ လူကြီးဖြစ်စေ ကလေးဖြစ်စေ အမှုသည်များထံမှ လက်ခံရရှိသော ကာကွယ်စောင့်ရှောက်ရေး ချိုးဖောက်မှုဆိုင်ရာ အစီရင်ခံစာများကို မည်သို့ လက်ခံပုံ နှင့် ဆင့်ပွားပုံဆိုင်ရာ လေ့ကျင့်သင်ကြားမှုအပါအဝင် ပို၍တိုတောင်းသည့် လမ်းညွှန်ပစ္စည်းများကို ဖော်ထုတ်နေပြီး ၂၀၁၉ ခုနှစ် ဇွန်/ဇူလိုင်လအတွင်း IRC တစ်ဝှမ်း ဝေမျှသွားပါမည်။

# နောက်ဆက်တွဲ ၃

*ယခု နောက်ဆက်တွဲကို CRRD လုပ်ငန်းလည်ပတ်ရေးဆိုင်ရာ ခြုံငုံအကြောင်းအရာများအတွင်း ဝန်ဆောင်မှုကွာဟချက်များက RAI နှင့် အကြီးအကျယ်ကွဲပြားခြားနားမှုကို အသိအမှတ်ပြုကာ CRRD ပရိသတ်အတွက် အထူးဖန်တီးခဲ့ပါသည်။ RAI ရည်ရွယ်ချက်များ သိရှိရန်အတွက် ကျေးဇူးပြု၍ အနည်းဆုံးဝန်ဆောင်မှုများအခန်းသို့သာ ရည်ညွှန်းပါ။*

**ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ[9] ချိုးဖောက်မှုမှ လွတ်မောက်သူများအတွက် အနည်းဆုံးစောင့်ရှောက်မှု နှင့် ဝန်ဆောင်မှုများဆိုင်ရာ တုံ့ပြန်မှု**

အလုံအလောက် အစီရင်ခံရေး နှင့် စုံစမ်းစစ်ဆေးရေး ယန္တရားများပေါ်မှ ထပ်ဆောင်းပြီး လွတ်မြောက်သူ ပြန်လည်နာလန်ထူမှုတွင် ကူညီပေးရန် စောင့်ရှောက်မှု နှင့် ဝန်ဆောင်မှုများမှ အနိမ့်ဆုံး စံနှုန်းတစ်ခု ပံ့ပိုးပေးရန် IRC မှ ကတိကဝတ်ပြုပါသည်။[10] |||UNTRANSLATED_CONTENT_START|||This document sets out the **minimum standards for care and response services for individuals experiencing all forms of abuse and exploitation** (physical, emotional, sexual) at the hands of IRC staff, incentive, occassional, contract, or day workers, volunteers, partners, vendors, and other associates.|||UNTRANSLATED_CONTENT_END||| ယင်းက လွတ်မြောက်လာသူ၏ အသက်၊ ဖွံ့ဖြိုးကြီးထွားမှုအဆင့် နှင့် ကျားမ ကွဲပြားမှုအရ အချိန်နှင့်လိုက်လျောညီထွေရှိသည့် အထောက်အပံ့ပေးအပ်ကြောင်း သေချာစေပါလိမ့်မည်။

လွတ်မြောက်လာသူများရရှိကြောင်း IRC မှသေချာစေရန် လုပ်ဖို့လိုအပ်သည့် အနိမ့်ဆုံး စောင့်ရှောက်မှု နှင့် ဝန်ဆောင်တုံ့ပြန်မှုက **<u>ဘာပါလဲ</u>။**

လွတ်မြောက်လာသူ ကိုယ်ပိုင် ဖွင့်ဟချက်၊ တတိယလူ၏ အစီရင်ခံစာ (အရွယ်ရောက်ပြီးသူများ နှင့် မိမိဖာသာဆုံးဖြတ်ချက်ချနိုင်သော အသက်ပိုကြီးသည့်မြီးကောင်ပေါက်များအတွက် လွတ်မြောက်သူ၏ အသိပေးခွင့်ပြုချက်ဖြင့်)၊ သို့မဟုတ် အလွဲသုံးစားလုပ်မှုကို တိုက်ရိုက် စောင့်ကြည့်မှု (အရွယ်ရောက်ပြီးသူများ နှင့် အသက်ပိုကြီးသည့် မြီးကောင်ပေါက်များအတွက် လွတ်မြောက်သူ၏ အသိပေးခွင့်ပြုချက်ဖြင့်) ရှိပါက လွတ်မြောက်သူအနေဖြင့် စောင့်ရှောက်မှု နှင့် ဝန်ဆောင်မှုများ လိုအပ်သလိုချက်ချင်းရရှိကြောင်း နှင့် **အမှုကိစ္စ**

[9] ဤတွင်လိင်ပိုင်းဆိုင်ရာမတော်မတရားပြုမှု နှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးတို့ပါဝင်သည်

[10] ဖြစ်ရပ်မှန်စီမံခန့်ခွဲမှုနှင့်ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးအတွက်အဂျေင်စီများဆိုင်ရာလမ်းညွှန်ချက်များ http://www.cpcnetwork.org/wp-content/uploads/2014/08/CM_guidelines_ENG_.pdf၊ လိင်ပိုင်းဆိုင်ရာအလွဲသုံးစားမှုကျူးလွန်ခံရသူကလေးများအားစောင့်ရှောက်ခြင်း https://gbvresponders.org/response/caring-child-survivors/ ၊ သက်ရှင်ကျန်ရစ်သူ နှင့်အေဂျင်စီများမှကျား၊ မအခြေပြုအကြမ်းဖက်မှုကိစ္စစီမံခန့်ခွဲမှုလမ်းညွှန်ချက် https://gbvresponders.org/response/gbv-case-management/

**စီမံခန့်ခွဲရေးဖြင့်အသာအယာထိတွေ့သည့်**[11]လုပ်ငန်းစဉ်တစ်ခုတွင်း စေ့စပ်လုပ်ဆောင်ကြောင်းသေချာစေရန် လွတ်မြောက်သူအတွက် **အမှုကိုင်ဝန်ထမ်း**[12]တစ်ဦး ချက်ချင်းသတ်မှတ်ပေးရပါမည်။

အမှုကိုင်ဝန်ထမ်းဆိုသည်မှာ လွတ်မြောက်သူများအနေဖြင့် လိုအပ်သည့်စောင့်ရှောက်မှု နှင့် ဝန်ဆောင်မှုများ လက်ခံရရှိကြောင်း သေချာစေရန် လွတ်မြောက်သူနှင့် တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်သူဖြစ်သည်။ သင်တန်းတက်ပြီးသား အမှုကိုင်ဝန်ထမ်းများသည် ရှိလက်စ ကလေးသူငယ် ကာကွယ်ရေး နှင့် အမျိုးသမီးများ ကာကွယ်ရေးနှင့် အခွင့်အာဏာပေးအပ်ရေး (WPE) အစီအစဉ်အဖွဲ့များအတွင်း ပုံမှန်အားဖြင့် လုပ်ကိုင်ပါသည်။ ရှိလက်စ အဖွဲ့များ နှင့် အစီအစဉ်တည်ဆောက်မှုများထံ၌ အဆိုပါဧရိယာများအတွင်း ကျွမ်းကျင်မှုနှင့် အတွေ့အကြုံရှိထားပြီးဖြစ်ကာ အစီရင်ခံမှုအတွက် မကြာခဏဆိုသလို မူလအဝင်မှတ်ဖြစ်နိုင်သည့်အတွက် ဖြစ်နိုင်သောနေရာတိုင်းတွင် တုံ့ပြန်မှုဆိုင်ရာ အနိမ့်ဆုံးစံနှုန်းများကို ၎င်းတို့မှတဆင့် ပေးအပ်သင့်ပါသည်။ IRC က ဝင်ရောက်လုပ်ကိုင်နေသော်လည်း ကလေးသူငယ် ကာကွယ်ရေး သို့မဟုတ် အမျိုးသမီးကာကွယ်ရေးနှင့် အခွင့်အာဏာပေးအပ်ရေးအစီအစဉ် မရှိသောနေရာများတွင် ကျွန်ုပ်တို့အနေဖြင့် အနိမ့်ဆုံး အဆင့်အတန်းများ (အနိမ့်ဆုံးစံနှုန်းများကို ကျွန်ုပ်တို့မည်သို့ပြည့်မှီနိုင်ပုံအကြောင်းထပ်ဆောင်းအသေးစိတ်အချက်အလက်များသိရှိရန် အောက်ပါဇယားကိုကြည့်ပါ) ကို ပြည့်မှီရန် IRC ခေါင်းဆောင်ပိုင်းအနေဖြင့် အခြားရွေးချယ်စရာများကို ခွဲခြားဖော်ထုတ်ရန် လိုအပ်ပါလိမ့်မည်။

ဝန်ဆောင်မှုများအတွက် ဆုံးဖြတ်ချက်ချမှတ်ရာတွင် အထောက်အကူဖြစ်စေပြီး အဘက်ဘက်မှ ပြည့်စုံသော စောင့်ရှောက်မှု အရည်အသွေး ရှိစေနိုင်သည့်အပြင် အေဂျင်စီများအကြား လူသားချင်းစာနာထောက်ထားရေး လမ်းညွှန်ချက်များဖြင့် တစ်ပြေးညီဖြစ်သည့် အောက်ပါ **လမ်းညွှန်မှု အခြေခံသဘောတရားများ**ဖြင့် အမှုကိုင်ဝန်ထမ်းနှင့် လွတ်မြောက်လာသူအကြား အပြန်အလှန်ဆက်သွယ်မှုကို လမ်းညွှန်ပေးသင့်ပါသည်။

| **လွတ်မြောက်လာသူ အမျိုးသမီးများနှင့် ကြီးကောင်ဝင်စအရွယ်မိန်းကလေးများအတွက်**[13] | **လွတ်မြောက်လာသူ ကလေးများအတွက်**[14] | **လွတ်မြောက်လာသူ အရွယ်ရောက်အမျိုးသားများအတွက်**[15] |
|---|---|---|

[11] တိုက်ရိုက်လူမှုရေး ဝန်ဆောင်မှုအမျိုးအစားပံ့ပိုးမှုမှတစ်ဆင့်အသက်ရှင်ကျန်သူကိုကူညီရန်ဖွဲ့စည်းထားသောလုပ်ငန်းစဉ်။ ၎င်းတွင်စိတ်ပိုင်းဆိုင်ရာသို့မဟုတ်လူမှုရေး ဝန်ဆောင်မှုပေးသူတွင်အသက်ရှင်ကျန်ရစ်သူအားအကြောင်းကြားရန်၊ အသက်ရှင်ကျန်ရစ်သူရင်ဆိုင်နေရသောပြသနာများကိုကိုင်တွယ်ဖြေရှင်းရန်နှင့်အသက်ရှင်ကျန်ရစ်သူအားလုပ်ငန်းစဉ်တစ်လျှောက်စိတ်ပိုင်းဆိုင်ရာပံ့ပိုးမှုပေးရန်တာဝန်ယူသည်။

[12] အမှုအစမှ အဆုံးတိုင် အမှုလုပ်သား၊ အမှု၌ပုံမှန်ဖြစ်ခြင်းနှင့်လူမှုရေးဆိုင်ရာပုံမှန်လုပ်သားအနေဖြင့် အသက်ရှင်လွတ်မြောက်လာသူအား တာဝန်ယူရန်။ ဤသည် သင့်လျော်စွာလေ့ကျင့်ပေးထားပြီးကြီးကြပ်မှုရှိသော လုပ်သားဖြစ်သင့်သည်။ IRC အတွက် ပုံမှန်အားဖြင့်ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးနှင့် အမျိုးသမီးကာကွယ်စောင့်ရှောက်ရေးနှင့် လုပ်ပိုင်ခွင့် အမှုလိုက်သူဖြစ်သည်။

[13] GBV AOR အနည်းဆုံးစံသတ်မှတ်ချက်များ (စတုတ္ထမြောက်) နှင့်အစိုးရများအကြား GBV Case စီမံခန့်ခွဲမှုလမ်းညွှန်ချက် https://gbvresponders.org/response/gbv-case-management/

[14] ဖြစ်ရပ်မှန်စီမံခန့်ခွဲမှုနှင့်ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးအတွက်အေဂျင်စီများဆိုင်ရာလမ်းညွှန်ချက်များhttp://www.cpcnetwork.org/wp-content/uploads/2014/08/CM_guidelines_ENG_.pdf နှင့်လိင်အလွဲသုံးစားမှုကျူးလွန်ခံရသူကလေးသူငယ်များအားစောင့်ရှောက်ခြင်း - ကလေးလွတ်မြောက်လာသူများhttps://gbvresponders.org/response/caring-child-survivors/

[15] IRC အမျိုးသားလိင်ပိုင်းဆိုင်ရာစော်ကားခံရသူများလမ်းညွှန်မှု၊ မုဒိမ်းမှုကျူးလွန်သူများအား WHO ၏လက်တွေ့စီမံခန့်ခွဲမှု https://www.who.int/reproductivehealth/publications/emergencies/924159263X/en/ နှင့်လိင်ဆိုင်ရာစော်ကားမှုကျူးလွန်ခံရသူများအတွက် IRC လက်တွေ့စောင့်ရှောက်မှု https://gbvresponders.org/response/clinical-care-sexual-assault-survivors/တိုက်ခိုက်မှုမှလွတ်မြောက်လာသူများ /

| | | |
|---|---|---|
| လွှတ်မြောက်လာသူ ဗဟိုပြု | ကလေး၏ အကျိုးကို အကောင်းဆုံး ရှေ့ရှုမြင့်တင်ပေးပါ | လွှတ်မြောက်လာသူ ဗဟိုပြု |
| ဘေးကင်းလုံခြုံမှု ရပိုင်ခွင့် | ကလေးအတွက် ဘေးကင်းလုံခြုံမှုရှိကြောင်း သေချာပါစေ | ဘေးကင်းလုံခြုံမှု ရပိုင်ခွင့် |
| လျှို့ဝှက်ထိန်းသိမ်းမှု ရပိုင်ခွင့် | ကလေးအား နှစ်သိမ့်ပေးပါ | လျှို့ဝှက်ထိန်းသိမ်းမှု ရပိုင်ခွင့် |
| ဂုဏ်သိက္ခာ နှင့် မိမိဘာသာဆုံးဖြတ်ပိုင်ခွင့် | သင့်တင့်လျောက်ပတ်သော လျှို့ဝှက်ထိမ်းသိမ်းမှုရှိကြောင်း သေချာပါစေ | ဂုဏ်သိက္ခာ နှင့် မိမိဘာသာဆုံးဖြတ်ပိုင်ခွင့် |
| ခွဲခြားဆက်ဆံမှုမပြုလုပ်ခြင်း | ဆုံးဖြတ်ချက်ချရာတွင် ကလေးကို ပါဝင်စေခြင်း | ခွဲခြားဆက်ဆံမှုမပြုလုပ်ခြင်း |
| အနာတရမဖြစ်ပါစေနှင့် | ကလေးအားလုံးကို မျှတညီညွတ်စွာ ပြောဆိုဆက်ဆံပါ | အနာတရမဖြစ်ပါစေနှင့် |
| | ကလေးများ၏ ခံနိုင်ရည်အားကို အားဖြည့်ပေးပါ | |

လွှတ်မြောက်သူအတွက် အမှုကိုင်ဝန်ထမ်းတစ်ဦး ခန့်အပ်ပြီးသည်နှင့်တပြိုင်နက် အမှုကိုင်ဝန်ထမ်းအနေဖြင့် အောက်ပါ**အဆင့်များ**ပါဝင်သော ရင်းနှီးဖော်ရွေသည့် အမှုစီမံခန့်ခွဲရေး လုပ်ငန်းစဉ်ကို ပြုလုပ်သင့်သည် -

1. လွှတ်မြောက်လာသူအား <u>နှုတ်ခွန်းဆက်ပြီး နှစ်သိမ့်ပေးပါ</u> - ယင်းသည် အမှုကိုင်ဝန်ထမ်းအတွက် လွှတ်မြောက်လာသူ (နှင့် ကလေးသူငယ် လွှတ်မြောက်သူများဖြစ်ပါက ၎င်းတို့၏ အုပ်ထိန်းစောင့်ရှောက်သူများ) နှင့် ခင်မင်ရင်းနှီးမှုတည်ထောင်ရန် နှင့် ယုံကြည်မှုရှိသည့် ဆက်ဆံရေးတစ်ခု စတင်တည်ထောင်ရန် အခွင့်အရေးဖြစ်ပါသည်။ လွှတ်မြောက်လာသူအနေဖြင့် ယုံကြည်ခံရပြီး စောင့်ရှောက်မှုရရှိသည်ဟု ခံစားရစေရန် နှင့် လွှတ်မြောက်သူအတွက် အလွဲသုံးစားပြုခံရသည့် အတွေ့အကြုံဖြင့် သူ/သူမကိုယ်ကို ဆက်စပ်ဖော်ပြရန် သာမက အရေးယူဆောင်ရွက်လိုသည့် ဆန္ဒကိုဖော်ထုတ်ပြသရန် ယင်းလုပ်ဆောင်မှုက မရှိမဖြစ် အရေးပါပါသည်။

2. <u>ကျိုးကြောင်းသိရှိခွင့်ပြုသဘောတူညီချက်</u> (နှင့်/သို့မဟုတ် ကလေးသူငယ် လွှတ်မြောက်သူများဖြစ်ပါက နှင့် ကလေး၏ အသက်နှင့် ဖွံ့ဖြိုးတိုးတက်မှုအဆင့်ပေါ်မူတည်ပြီး ခွင့်ပြုချက်) ရယူပါ - လွှတ်မြောက်လာသူ (နှင့် ကလေးသူငယ်လွှတ်မြောက်သူဖြစ်ပါက ၎င်းအားအုပ်ထိန်းစောင့်ရှောက်သူ) အနေဖြင့် ရှေ့ဆက် ဘာဖြစ်မည်ကို နားလည်ရန်၊ စောင့်ရှောက်ရေးနှင့်ဝန်ဆောင်မှုများ နှင့် ဆက်စပ်အကျိုးအပြစ်များအတွက် ရွေးချယ်စရာများကို နားလည်ရန်နှင့် ရှေ့ဆက်လုပ်ဆောင်ရန် ခွင့်ပြုချက်ရယူရန် ယင်းက မရှိမဖြစ်အရေးပါလှပါသည်။

နောက်ဆက်တွဲပါလာမည့် ဝန်ဆောင်မှုတစ်ခုစီအတွက် သီးခြား ကျိုးကြောင်းသိရှိသဘောတူညီချက်/ခွင့်ပြုချက် လိုအပ်ကြောင်း မှတ်သားထားပါ။

3. အောက်ပါ <u>ဆန်းစစ်သုံးသပ်ချက်</u> ကို လုပ်ဆောင်ပါ -
   i. လုံခြုံရေးလိုအပ်ချက်များ၊ ယင်းအားဖြင့် လွတ်မြောက်သူ ဘေးကင်းလုံခြုံမှု ရှိမရှိ ဆုံးဖြတ်ပါသည် - ပြစ်မှုကျူးလွန်ခဲ့သူထံမှ ထပ်ဆောင်းအန္တရာယ်ပြုမှု၊ အခြားသူများထံမှ လက်တုံ့ပြန်မှု၊ နှင့် ခွဲခြားပြစ်ပယ်ထားမှု
   ii. ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များ၊ ယင်းအားဖြင့် အရေးပေါ်/ အရေးပေါ်မဟုတ်သည့် ဆေးဝါးကုသမှု/လွှဲပြောင်းပေးမှု လိုမလို ဆုံးဖြတ်ပါသည်
   iii. စိတ်လူမှုပိုင်းဆိုင်ရာ လိုအပ်ချက်များ၊ ယင်းအားဖြင့် မိမိကိုယ်ကို အန္တရာယ်ပြုခြင်း နှင့် မိမိကိုယ်ကိုသတ်သေမှု ဆန်းစစ်သုံးသပ်ချက် အပါအဝင် လွတ်မြောက်သူ၏ လက်ရှိ လုပ်ငန်းဆောင်ရွက်ပုံအဆင့်က ဆေးဖက်ဆိုင်ရာ နှင့်/သို့မဟုတ် ဘေးကင်းလုံခြုံရေးဆိုင်ရာ စိတ်ပူပန်စရာများ ပြသနေဟန် ရှိမရှိ ဆုံးဖြတ်ပါသည်
   iv. ဥပဒေ/တရားရေးရာ လိုအပ်လိုအပ်ချက်များ၊ ယင်းအားဖြင့် လွတ်မြောက်သူ (နှင့် ကလေးသူငယ်လွတ်မြောက်သူများဖြစ်ပါက ၎င်းတို့အား အုပ်ထိန်းစောင့်ရှောက်သူ) အနေဖြင့် ရရှိနိုင်သော တရားရေးရာစနစ်များမှတဆင့် ဥပဒေအရ အရေးယူမှုဆက်လက်လုပ်ဆောင်ရန် စိတ်ဝင်စားမှု ရှိမရှိ ဆုံးဖြတ်ပါသည်

4. အဓိကကျသော လိုအပ်ချက်များနှင့် အရေးပေါ်လိုအပ်ချက်များပေါ်အခြေခံပြီး နှင့် မည်သည့်ဝန်ဆောင်မှုများကို လိုအပ်မည်ဆိုသည့်အပိုင်းတွင် လွတ်မြောက်သူ (နှင့် ကလေးသူငယ် လွတ်မြောက်သူများဖြစ်ပါက ၎င်းတို့အား အုပ်ထိန်းစောင့်ရှောက်သူ) ၏ ဆန္ဒများပေါ် မူတည်ပြီး <u>အမှုကိစ္စဆောင်ရွက်ရေး စီမံကိန်း</u>တစ်ခု ရေးဆွဲပါ။

5. လိုအပ်သည့် <u>ဝန်ဆောင်မှုများအား</u> စာလုံးမဲဖြင့် ဖော်ပြထားသည့် ဦးစားပေးလိုအပ်ချက်များနှင့် လိုအပ်သည့်အနိမ့်ဆုံးဝန်ဆောင်မှုများဖြင့် ဆန်းစစ်သုံးသပ်ချက် အဓိကဧရိယာ လေးခုအတွင်း ပေးအပ်ပါ သို့မဟုတ် လွှဲပြောင်းပေးပါ -
   i. **ထပ်ဆောင်းအလွဲသုံးစားလုပ်မှုများမှ**ဘေးကင်းရှင်းရေး နှင့် ကာကွယ်ရေး
   ii. **ဆေးဖက်ဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု နှင့် ကုသမှု**
   iii. **ချက်ချင်းလက်ငင်း** နှင့် ရေရှည် **စိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု**
   iv. တရားရေးရာ အလှမ်းမှီရယူနိုင်မှု

6. လွတ်မြောက်သူအနေဖြင့် လိုအပ်သောဝန်ဆောင်မှုများ ရရှိကြောင်းနှင့် လွတ်မြောက်သူ၏အခြေအနေအတွင်းရှိ တိုးတက်မှုတစ်ခုခုကို ဆန်းစစ်ရန် <u>နောက်ဆက်တွဲလိုက်ခြင်း နှင့် စောင့်ကြည့်ခြင်း</u>။ နောက်ဆက်တွဲလိုက်သည့် တွေ့ဆုံမှုများက လွတ်မြောက်သူ နှင့် အမှုကိုင်ဝန်ထမ်းတို့အကြား ပထမအကြိမ်တွေ့ဆုံပြီးကတည်းက လုပ်ဆောင်ခဲ့သော အရေးယူလှုပ်ရှားမှုများအပေါ် "တစ်ဦးနှင့်တစ်ဦး နောက်ဆုံးပေါ်အချက်အလက်များပေးရန်" နှင့် ရေရှည် လိုအပ်ချက်များနှင့် စောင့်ရှောက်မှုများကို အခြားအကြောင်းအရာများအကြား ဆွေးနွေးရန် ခွင့်ပြုပါသည်။ နောက်ဆက်တွဲလိုက်သည့်

တွေ့ဆုံမှုများက လွတ်မြောက်သူ၏ ဘေးကင်းလုံခြုံရေးအခြေအနေကို ပြန်လည်ဆန်းစစ်သုံးသပ်ရန် အခွင့်အရေးလည်း အမှုကိုင်ဝန်ထမ်းအတွက် ပေးအပ်ပါသည်။

**အဓိက ရေိယာလေးခုအတွင်း အနိမ့်ဆုံးဝန်ဆောင်မှုများ** တွင် ပါဝင်သည်မှာ -

<u>ဘေးကင်းလုံခြုံမှု</u>

- **ဘေးကင်းလုံခြုံရေး ဆောင်ရွက်မှု စီမံကိန်း-** ဆန်းစစ်သုံးသပ်ချိန်အတောအတွင်း လွတ်မြောက်သူသည် ဘေးအန္တရာယ်မကင်းဟု ဆုံးဖြတ်ပါက ကာကွယ်ရေးနှင့်လုံခြုံရေး အေဂျင်စီများထံ ပူးတွဲ လွှဲပြောင်းပေးခြင်း၊ နှင့် တစ်ဦးချင်း ဘေးကင်းလုံခြုံရေး စီမံကိန်းတစ်ခု တည်ထောင်ပေးရန် အပါအဝင် ဘေးကင်းလုံခြုံရေး ဆောင်ရွက်မှု စီမံကိန်းတစ်ခုကိုတည်ထောင်ရန် အမှုကိုင်ဝန်ထမ်းအနေဖြင့် လွတ်မြောက်သူနှင့် ဦးစားပေးလုပ်ဆောင်သင့်သည်

<u>ကျန်းမာရေး</u>

ဆေးဖက်ဆိုင်ရာ ဝန်ဆောင်မှုများ လိုမလိုဆုံးဖြတ်ခြင်းသည် လိင်ပိုင်းဆိုင်ရာ သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ အလွဲသုံးစားမှု တွေ့ကြုံခံစားခဲ့ရသည့် လွတ်မြောက်သူများအား ဆန်းစစ်သုံးသပ်ရာတွင် အဓိကကျသည့်အရေးပါမှုတစ်ခုဖြစ်ပါသည်။ ဆေးဖက်ဆိုင်ရာ ဝန်ဆောင်မှုများ အရေးတကြီးလိုမလိုကို ထိခိုက်ဒဏ်ရာများရှိမရှိ နှင့်/သို့မဟုတ် နာကျင်ကြောင်းပြောဆိုမှုများ နှင့်/သို့မဟုတ် တိုက်ခိုက်ခံရသည့် အချိန် နှင့်/သို့မဟုတ် တိုက်ခိုက်မှု သဘောသဘာဝ နှင့်/သို့မဟုတ် သက်သေစုဆောင်းရေးအတွက် တို့ဖြင့်ဆုံးဖြတ်ပါသည်။ လွန်ခဲ့သော နာရီ ၁၂၀ အတွင်း လိင်ပိုင်းဆိုင်ရာ တိုက်ခိုက်ခံရမှုတစ်ခု ပေါ်ပေါက်ခဲ့ပါက ယင်းကာလသည် အသက်ကယ်နိုင်သည့်ကုသမှု ပေးအပ်ရန် အချိန်အပိုင်းအခြားအတွင်း ဖြစ်သောကြောင့် အရေးပေါ်ဆေးဝါးဝန်ဆောင်မှုများ လိုအပ်ပါသည်။ အကယ်၍ နာရီပေါင်း ၁၂၀ ထက်ကျော်လွန်သွားလျှင်တောင်မှ ထိခိုက်ဒဏ်ရာ နှင့် နာကျင်မှုများ ရှိနေသောကြောင့် ဆေးဝါးဝန်ဆောင်မှုများမှာ အရေးပါသေးပါသည်။ **အရေးပေါ် (ဥပမာ - ချက်ချင်းလက်ငင်း) ဆေးဝါးဝန်ဆောင်မှုများ** ကအောက်ပါတို့အတွက် မရှိမဖြစ် အရေးပါပါသည် -

- အိတ်ချ်အိုင်ဗွီ (HIV) ကာကွယ်ရေး - HIV နှင့် ထိတွေ့ခံရပြီးနောက် ၃ ရက် (၇၂ နာရီ) အတွင်း ကြိုတင်ကာကွယ်မှု ရရှိရန် လွတ်မြောက်သူတစ်ဦးအား ဆေးဝါးစောင့်ရှောက်မှုအတွက် လွှဲပြောင်းပေးပါက HIV ရောဂါကူးစက်ခံရမည့် အန္တရာယ်ကို လျှော့ချနိုင်ပါသည်။
- ကိုယ်ဝန်မရရှိရန် ကာကွယ်တားဆီးခြင်း - လွတ်မြောက်သူအား ၅ ရက် (၁၂၀ နာရီ) အတွင်း အရေးပေါ်ကိုယ်ဝန်တားဆေး ရရှိရန် ဆေးဝါးစောင့်ရှောက်မှုအတွက် လွှဲပြောင်းပေးပါက မလိုလားပဲ ကိုယ်ဝန်ရှိလာမည့် အန္တရာယ်ကိုလျှော့ချနိုင်ပါသည်။
- လတ်တလောပြင်းထန်သည့် ထိခိုက်ဒဏ်ရာ သို့မဟုတ် နာကျင်မှုအတွက် ဆေးဝါးဖြင့် တည်ငြိမ်အောင်ပြုစုမှု/ကုသမှု - ထိခိုက်ဒဏ်ရာ၏ သဘောသဘာဝ နှင့် ပြင်းထန်မှု (ဥပမာ- အရိုးကျိုးခြင်း၊ အနာများ သို့မဟုတ် ကိုယ်တွင်း ထိခိုက်ဒဏ်ရာများ) ပေါ်မူတည်ပြီး အရေးပေါ် ဆေးဖက်ဆိုင်ရာစောင့်ရှောက်မှု ညွှန်ကြားပေးနိုင်ပါသည်။
- သက်သေအထောက်ထားစုဆောင်းခြင်း - အကယ်၍ လွတ်မြောက်လာသူက ဥပဒေရေးရာ ရည်ရွယ်ချက်အတွက် သက်သေစုဆောင်းပေးရန် တောင်းဆိုလာပါက ဆေးဖက်ဆိုင်ရာ စစ်ဆေးမှုတစ်ခု စီစဉ်ရန် နှင့် တတ်နိုင်သလောက် မှတ်တမ်းတင်ရန် အရေးကြီးပါသည် (၄၈ နာရီအတွင်း)။ အကယ်၍ လွတ်မြောက်လာသူသည် ရေမချိုးရသေးပါက သို့မဟုတ်

အိမ်သာအသုံးမပြုရသေးပါက သုတ်ပိုးကို ပါးစပ်တွင်းမှ ၁၂ နာရီအထိ နှင့် မိန်းမ အင်္ဂါအတွင်းမှ ၄၈ နာရီအထိ အတွင်း စုဆောင်းနိုင်ပါသည်။ အကယ်၍ ထိုးဖောက်ဝင်ရောက်မှုမရှိပါက သုတ်ပိုးကို ကိုယ်ခန္ဓာပေါ်တွင် ၆ နာရီအထိ တွေ့ရှိနိုင်ပါသည်။ ထိခိုက်ဒဏ်ရာများကို အသေးစိတ်မှတ်တမ်းတင်သင့်ပါသည်။

- အချို့သော ဆိုးဝါးပြီး အသက်အန္တရာယ်ပေးနိုင်သည့် ထိခိုက်ဒဏ်ရာများသည် ခန္ဓာပေါ်တွင် မမြင်နိုင်သဖြင့် သို့မဟုတ် နာကျင်မှုနှင့် တွဲမလာတတ်သဖြင့် ယင်းတို့ကို အလွယ်တကူ မတွေ့ရှိနိုင်ကြောင်း သတိပြုပါ (ဥပမာ- အစာအိမ်တွင်း သို့မဟုတ် ဦးနှောက်တွင်း သွေးယိုခြင်း၊ အက်ကွဲထွက်ခြင်း၊ စသဖြင့်)။

အကယ်၍ အဆိုပါသူသည် ခန္ဓာပေါ်တွင် ထိခိုက်ဒဏ်ရာမရှိ နာကျင်မှုမရှိပါက၊ လိင်ပိုင်းဆိုင်ရာ တိုက်ခိုက်မှုက နာရီပေါင်း ၁၂၀ ထက်ကျော်ပြီး ဖြစ်ပျက်ခဲ့ပါ၊ နှင့်/သို့မဟုတ် တိုက်ခိုက်မှု၏သဘောအတွင်း ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ ထိကိုင်မှု သို့မဟုတ် ထိုးဖောက်ဝင်ရောက်မှုမပါဝင်ပါက ဆေးဖက်ဆိုင်ရာ ဝန်ဆောင်မှုများက အသုံးဝင်နိုင်သော်လည်း အလျင်စလိုမဟုတ်ပါ။ လိင်ပိုင်းဆိုင်ရာ တိုက်ခိုက်ခံရပြီး နာရီ ၁၂၀ ကျော်ပြီးမှ စောင့်ရှောက်မှုရှာဖွေသော လွတ်မြောက်သူများအနေဖြင့် ကုသမှု လိုအပ်နိုင်သေးပြီး ဆေးဝါးစောင့်ရှောက်မှု ရှာဖွေမှု မနှောင့်နှေးသင့်ပါ သို့မဟုတ် စိတ်ပျက်မသွားသင့်ပါ။ အရေးပေါ်မဟုတ်သည့် ဆေးဖက်ဆိုင်ရာ ဝန်ဆောင်မှုများကို အောက်ပါတို့အတွက် လိုအပ်နိုင်ပါသည် -

- ကလာမိုင်းဒီးယား၊ ဂိုနိုးရီးယား နှင့် ဆစ်ဖလစ်တို့အပါအဝင် လိင်ဆက်ဆံခြင်းကြောင့် ပြန့်ပွားသည့် ကူးစက်ရောဂါများအား ပဋိဇီဝဆေးများဖြင့် ကုသသင့်သည်၊ အကယ်၍ မကုသပဲ ပစ်ထားပါက ယင်းတို့က နာတာရှည်နာမကျန်းမှု သို့မဟုတ် မျိုးမပွားနိုင်မှု ဖြစ်စေနိုင်ပါသည်။
- ဆီး သို့မဟုတ် ဝမ်း မထိန်းနိုင်ခြင်းက အက်ကွဲကြောင်းဖြစ်ပေါ်ခြင်း သို့မဟုတ် စအိုအိမ်အဆို့ ပျက်စီးခြင်း ကဲ့သို့သော ခွဲစိတ်ကုသစောင့်ရှောက်မှု လိုအပ်သည့် ထိခိုက်ဒဏ်ရာ၏ ရလဒ်ဖြစ်သော ဆိုးရွားပြင်းထန်သည့် နောက်ဆက်တွဲဆိုးကျိုးများကို ညွှန်ပြပါသည်။
- ပြည့်စုံသည့် ကိုယ်ဝန်ဖျက်ချစောင့်ရှောက်မှု၊ လွတ်မြောက်လာသူ၏ လိုအပ်ချက်များနှင့် ဆန္ဒများအပေါ်တွင် မူတည်ပါသည်[16]။

<u>စိတ်လူမှုပိုင်းဆိုင်ရာ အထောက်အကူ</u>

- **မိမိကိုယ်ကိုအနာတရဖြစ်စေခြင်းနှင့်ကိုယ့်ကိုယ်ကိုသေကြောင်းကြံခြင်းနှင့် / သို့မဟုတ်အကျပ်အတည်းကြားဝင်ဖြေရှင်းခြင်း-**

  အသက်ရှင်လွတ်မြောက်လာသူများသည်အထူးသဖြင့်လိင်ပိုင်းဆိုင်ရာအလွဲသုံးစားမှုကိုတွေ့ကြုံရသူများအနေဖြင့်အလွန်ပြင်းထန်သောတုံ့ပြန်မှုများကြုံတွေ့ရနိုင်သည်။ အမှုဖြေရှင်းသူအနေဖြင့် အသက်ရှင်ကျန်ရစ်သူသည် မိမိကိုယ်ကို အနာတရ သို့မဟုတ် သေကြောင်းကြံစီနိုင်သော လက္ခဏာများကို သတိထား စောင့်ကြည့်ရန် မဖြစ်မနေလိုအပ်သည်။ ဆောင်ရွက်ရန်အဆင့်များမှာ - လက်ရှိ / အတိတ်မိမိကိုယ်ကိုအနာတရ / မိမိကိုယ်ကိုသတ်သေသည့်အတွေးများကိုအကဲဖြတ်ခြင်း၊ စွန့်စားမှုများကိုအကဲဖြတ်ခြင်း၊ ခံစားချက်များကိုရင်ဆိုင်ခြင်း နှင့် အားပေးခြင်း နှင့် လုံခြုံစေခြင်း လှုပ်ရှားမှု အစီအစဉ်တို့ကို ရေးဆွဲခြင်း။ သက်ရှင်ကျန်ရစ်သူတစ်ဦးသည်လောလောဆယ်

[16] https://rescuenet.rescue.org/Interact/Pages/Section/SubFullOne.aspx?subsection=8528&SearchId=377821

ပြဿနာကြုံတွေ့နေရလျှင် ချက်ခြင်းကျန်းမာရေးဆေးခန်းတစ်ခုသို့မဟုတ် လုံခြုံပြီးကြီးကြပ်ကွပ်ကဲမှုရှိသောနေရာကို လွှဲပြောင်းပါ။

- **စိတ်ပိုင်းဆိုင်ရာပံ့ပိုးမှု** - ဤအမှုသည် ဝ န်ထမ်းများအနေဖြင့် ဝေဖန်ပိုင်းခြားမှုမရှိဘဲအသက်ရှင်ကျန်ရစ်သူကိုဗဟိုပြုသည့်ထိတွေ့ဆက်ဆံမှုနှင့် လူမှုရေးစိတ်ပိုင်းဆိုင်ရာ ရှေးဦးသူနာပြုခြင်း ၏အခြေခံများမှတဆင့်ဖြစ်နိုင်သည်
- **အလွဲသုံးစားမှုနှင့်ပတ်သက်သောအခြေခံပညာရေးပေးခြင်း** - ၎င်းသည်အသက်ရှင်ကျန်ရစ်သူများအားငင်းတို့၏တုန့်ပြန်မှုကိုနားလည်ရန်နှင့်စီမံခန့်ခွဲရန်ကူညီပြီး အလွဲသုံးစားမှု၏အကျိုးသက်ရောက်မှုနှင့်ထိုအကျိုးသက်ရောက်မှုကိုစီမံခန့်ခွဲရန်မဟာဗျူဟာများနှင့် ပတ်သက်ပြီးအလွန်တိကျသောသတင်းအချက်အလက်များကိုပေးသည်
- သတ်သတ်မှတ်မှတ်ပြဿနာများနှင့်အတူအသက်ရှင်လွတ်မြောက်သူများကိုကူညီခြင်း - အကယ်၍ အသက်ရှင်ကျန်ရစ်သူများသည်ကြမ်းတမ်းသောအတွေ့အကြုံများရှိခဲ့သည်ကို အများပြည်သူတို့သိသွားလျှင်အန္တရာယ်ရှိသောနောက်ဆက်တွဲရလဒ်များရှိတတ်သည်။ တချို့အခြေနေများတွင် အသက်ရှင်လွတ်မြောက်သူကလေးများသည် အထူးသဖြင့် အလွဲသုံးစားမှုကြောင့် ကိုယ်ဝန်ဆောင်ရလျှင် ကျောင်းတက်ခြင်းမှတားစီးခံရနိုင်သည်။ မင်္ဂလာမဆောင်ထားသောအမျိုးသမီးများနှင့်မြီးကောင်ပေါက်အရွယ်မိန်းကလေးငယ်များကိုကျူးလွန်သူများနှင့်အတင်းအဓမလက်ထပ်ထိမ်းမြားခြင်း၊ သို့မဟုတ်အခြားမိသားစုကြေအေးပေးခြင်းတို့ရှိတတ်သည်။ မင်္ဂလာဆောင်ထားသောအမျိုးသမီးများသည်သူတို့အပေါ် မိသားစုနှင့်ရပ်ရွာမှငြင်းပယ်ခြင်းခံရနိုင် ပြီး တချို့အခြေနေများတွင် ဂုဏ်သိက္ခာအတွက် နာကျင်မှု နှင့် သတ်ဖြတ်မှုတို့ပါခံရနိုင်သည်။ အသက်ရှင်ကျန်ရစ်သူများအနေဖြင့် ရပ်ရွာအတွင်း အမြင်ခံရခြင်းနှင့် ဝတ်ပြုရာနေရာကို ပြန်သွားရန်ရှက်ကြောက်တတ်သည်၊ သို့မဟုတ် အခြားကိုယ်ရေးကိုယ်တာပြဿနာများရှိတတ်သည်။ အလွဲသုံးစားမှုမှကုသရန်အသက်ရှင်ကျန်ရစ်သူများအတွက်အကောင်းဆုံးသောကုစားရာနည်းလမ်း တစ်ခုမှာကျောင်း၊ လုံခြုံသောနေရာများသို့တက်ခြင်း၊ တစ်စုံတစ် ဦး နှင့်အတူဈေးကွက်သို့သွားခြင်းနှင့်ဘာသာရေးနှင့်လူမှုအသိုင်းအ ဝ ိုင်းတွင်စုဝေးခြင်းစသည့်နေ့စဉ်လုပ်ဆောင်မှုများကိုပြန်လည်စတင်ခြင်းဖြစ်သည်။ အမှုဖြေရှင်းသူများသည်များစွာသော အသက်ရှင်ကျန်ရစ်သသူများနှင့်မဟာဗျူဟာများဖွံ့ဖြိုးရန်အတွက်သူတို့၏သူငယ်ချင်းများ၊ မိသားစုများနှင့်ရပ်ရွာများနှင့်ပြန်လည်ဆက်သွယ်နိုင်ရန်ကူညီဖို့လိုအပ်သည်။
- ကလေးများအသက်ရှင်ကျန်ရစ်သူများ၏အမှု၌မိသားစုဝင်များနှင့်ကြည့်ရှုစောင့်ရှောက်သူများအား အကြံပေးခြင်း။ အလွဲသုံးစားမှုဖြစ်ပြီးနောက် အသက်ရှင်ကျန်ရစ်သူကလေးနှင့်နီးကပ်စွာနေထိုင်သူ၏ ပြုမူဆက်စံပုံက ကလေးရှင်သန်မှုအပေါ်သက်ရောက်သည်။ မိဘများသည်သူတို့၏ကလေးများ အလွဲသုံးစားမှု၊ အထူးသဖြင့် လိင်မှုဆိုင်ရာအလွဲသုံးစားမှုပြုခြင်းခံရသည်ကို ကြားသိရလျှင် ပြင်းထန်သောတုံ့ပြန်မှုများရှိတတ်သည်။ မိမိ၏ကလေးအပေါ်အလွဲသုံးစားမှုအကြောင်းအရာနှင့် ပတ်သက်၍ မိဘများမှလည်းလွဲမှားစွာအတည်ပြုမိနိုင်ပြီး ကလေးအား အပြစ်တင်ရန်တွေ့နိုင်သည်။ အကယ်၍ ၎င်းသည်ဖြစ်ပျက်နေပါကအမှုဖြေရှင်းသူများသည်မိသားစုကိုအကြံဉာဏ်ပေးရန်လိုအပ်နိုင်သည်။

နှစ်သိမ့်အကြံပေးခြင်းသည်စောင့်ရှောက်သူများအား အလွဲသုံးစားမှုနှင့် ပတ်သက်၍ (ကလေးသူငယ်များ၏ရှေ့မှောက်တွင်မဟုတ်ပဲ) သူတို့၏ခံစားချက်များအကြောင်းပွင့်ပွင့်လင်းလင်းဝေမျှနိုင်ရန်နှင့်၎င်းတို့အပေါ်မည်သို့သက်ရောက်မှုရှိကြောင်းနှင့်သူတို့၏စောင့်ရှောက်သူများအားသတင်းအချက်အလက်၊ အထောက်အပံ့နှင့်ပညာရေးကိုသူတို့နှင့်သူတို့ကလေးများကိုမည်သို့စောင့်ရှောက်ရမည်ကိုပေးသင့်သည်။

<u>တရားဝင်</u>

တရားမျှတမှုကိုရှာဖွေရယူရန်ဆုံးဖြတ်ချက်သည်ကြီးမားသောဆုံးဖြတ်ချက်ဖြစ်သည်။ အသက်ရှင်ကျန်ရစ်သူများ (နှင့်ကလေးအသက်ရှင်ကျန်ရစ်သူများအတွက်၎င်းတို့၏စောင့်ရှောက်သူများ) သည်ထိုကဲ့သို့ဆုံးဖြတ်ချက်မှတစ်ဆင့်စဉ်းစားရန်အချက်အလက်အပြည့်အစုံကိုရယူရန်လိုအပ်သည်။ အသက်ရှင်ကျန်ရစ်သူများ / မိသားစုများအနေဖြင့် ဆုံးဖြတ်ချက်တစ်ခုချရန် အချိန်ယူရနိုင်သည်။ ကနဦးအမှုကိစ္စဆောင်ရွက်မှုအစီအစဉ်အတွင်းအသက်ရှင်ကျန်ရစ်သူအားတရားဝင်ရွေးချယ်မှုများနှင့်လက်ဖက်ရည်ရွေးချယ်စရာများကိုဆွေးနွေးရန်အကြောင်းအရာအချိန်ကိုလည်းကြိုတင်သတ်မှတ်ထား၍ရသည်။

**အသက်ရှင်လွတ်မြောက်သူများသည် အနည်းဆုံးစောင့်ရှောက်မှုနှင့်ဝန်ဆောင်မှုတုံ့ပြန်မှုကိုရရှိစေရန် ကျွန်ုပ်တို့ <u>မည်သို့</u>** သေချာစေသနည်း။

| **အနည်းဆုံးစောင့်ရှောက်မှုနှင့်ဝန်ဆောင်မှုဆောင်ရွက်ချက်များ** | **အနည်းဆုံးစံသတ်မှတ်ချက်ကိုမှီ၊မမှီ ပြရန်ညွှန်ကိန်း** |
|---|---|
| အနိမ့်ဆုံးစောင့်ရှောက်မှုနှင့် ဝန်ဆောင်မှုများလုပ်ဆောင်မှုနံပါတ် ၁ - ရရှိနိုင်သောဝန်ဆောင်မှုများကို ခြုံငုံလေ့လာပါ။ | အသက်ရှင်ကျန်သူများ၏လိုအပ်ချက်များကိုလုံလောက်စွာဖြည့်ဆည်းရန်အ ကဲဖြတ်ထားသောစီမံကိန်းနေရာမှ ၂ နာရီအတွင်းကျန်းမာရေး၊ GBV နှင့်ကလေးကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများအပါအ ဝ င် ... လတစ်ကြိမ်လျှင်မြန်စွာဝန်ဆောင်မှုမြေပုံရေးဆွဲခြင်းပြီးစီးခြင်း |
| အနိမ့်ဆုံးစောင့်ရှောက်မှုနှင့် ဝ န်ဆောင်မှုများလုပ်ဆောင်မှု ၂ - အမှုတွဲလုပ်သားတစ်ဦးခန့်အပ်ပါ | အဖြစ်အပျက်စဖြစ်ပါကအမှုတွဲလုပ်သား အား ၂၄နာရီအတွင် ... ထိုနေရာသို့မဟုတ် အနီးဆုံးနေရာမှ ခန့်ထားပေးသည် |

| | |
|---|---|
| | |
| အနိမ့်ဆုံးစောင့်ရှောက်မှုနှင့် ဝ န်ဆောင်မှုများလုပ်ဆောင်ချက် ၃ - အနိမ့်ဆုံးလုံခြုံစိတ်ချရမှုနှင့်အကာအကွယ်ပေးမှု၊ အရေးပေါ်လက်တွေ့ကျန်းမာရေးစောင့်ရှောက်မှုနှင့်ကုသမှုနှင့်ချက်ချင်းစိတ်ပိုင်းဆိုင်ရာ ဝန်ဆောင်မှုပေးခြင်းနှင့် / သို့မဟုတ်ဤ ဝန်ဆောင်မှုများကိုရည်ညွှန်းသည်။ | ကျန်းမာရေး၊ စိတ် လူမှုရေးနှင့်ဥပဒေရေးရာလိုအပ်ချက်များကိုအကဲဖြတ်ခြင်းအားအလုပ်သမား တစ် ဦး ပုံနှိပ်ထုတ်ဝေခဲ့သည့်နာရီ ၂၄ မှ ၃၆ နာရီအထိပြီးဆုံး<br><br>အကဲဖြတ်ခြင်းပြီးဆုံးခြင်းမှ ၂၄ နာရီ အတွင် ဝန်ဆောင်မှုပေးခြင်းနှင့်သို့မဟုတ် လွှဲပြောင်းပေးသည်<br><br>ဝန်ဆောင်မှုပေးခြင်းနှင့် / သို့မဟုတ် လွှဲပြောင်းခြင်းတို့ပြုလုပ်ပြီးအနည်းဆုံးနောက်နောက်ဆက်တွဲအစည်းအဝေး တစ်ခုပြုလုပ်သည် |